ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ ကြာသပတေးနေ့ (11 - 4 - 2013) (၇၄၅၂)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့်နေ့အပူချိန်များ
၁၀-၄-၂၀၁၃

ချောက်
၄၃ ဒီဂရီစင်တီဂရိတ်
အောင်လံ
၄၂ ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါ
၄၂ ဒီဂရီစင်တီဂရိတ်
ကြို့ပင်ကောက်
၄၂ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံ ဂျာမန်ပါလီမန်ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျာမနီနိုင်ငံ ဂျာမန်ပါလီမန် ဒုတိယဥက္ကဋ္ဌ H.E. Dr. Wolfgang Thierse ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးစိုးမောင်နှင့် ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဂျာမန်ပါလီမန်ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian-Ludwig Weber-Lortsch တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ခိုင်မာရေး၊ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကား ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးအဟန့်အတားများကို ဖယ်ရှားပေးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် ဂျာမနီနိုင်ငံက ကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

လှည်းတန်းခုံးကျော်တံတားပေါ်မှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ

သတင်းနှင့်ဓာတ်ပုံ ➢ ထင်ပေါ်ဝင်း(ကမာရွတ်)

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏စီစဉ်မှုဖြင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သော လှည်းတန်းခုံးကျော်တံတားကြီးအား ဧပြီ ၁၀ ရက် နံနက် ၆ နာရီမှစတင်ကာ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရန်အတွက် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။**(ဝဲပုံ)**

လှည်းတန်းလမ်းဆုံနေရာသည် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားပြည်သူများသွားလာရာတွင် အချိန်နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ရန်ကုန်-အင်းစိန်လမ်း၊ ပြည်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ လှည်းတန်းလမ်း စသော လမ်းငါးခွဆုံရာတွင် ယခုကဲ့သို့ ခုံးကျော်တံတားသစ်ကြီး ပေါ်ထွက်လာမှုကြောင့် အချိန်ကုန်ဆုံးမှု သက်သာစေခဲ့ပြီဖြစ်သည်။

တံတားကြီးတည်ဆောက်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၂ ခုနှစ် မတ် ၁၁ ရက်တွင် ကျင်းပခဲ့ပြီး တံတားတည်ဆောက်နေစဉ် မော်တော်ယာဉ်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် လမ်းသားတိုးချဲ့ခြင်း၊ မီးတိုင်များ၊ မြေအောက်လျှပ်စစ်ကြိုးများနှင့် ဆက်သွယ်ရေးကြိုးများ၊ ရေပိုက်များ၊ ရေနုတ်မြောင်းများ နေရာရွှေ့ပြောင်းခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ပင်မတံတားတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဇွန် ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့✳

ယနေ့ မာတိကာ

ဓာတ္တုဗေဒသိက္ခာရှိစွာ ရပ်တည်

စာမျက်နှာ ➢ ၂

ရခိုင်ပြည်နယ်ဗဟိုသင်္ကြန် မဏ္ဍပ် စဉ်လာမပျက် ရိုးရာ ဓလေ့အတိုင်း ကျင်းပမည်

စာမျက်နှာ ➢ ၁၂

ပင်စင်ခံစားနေသော အငြိမ်းစားများသို့ အသိပေး

စာမျက်နှာ ➢ ၅

ကြေးမုံ စာတည်း ရှုထောင့် — ၁၁-၅-၂၀၁၃၊ ကြာသပတေးနေ့

ဣန္ဒြေသိက္ခာရှိစွာ ရပ်တည်

ယနေ့အချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သစ်အတွက် နိုင်ငံ့ခေါင်းဆောင်များနှင့်တကွ ပြည်သူပြည်သားအားလုံးတို့က သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းအားထုတ်နေသော အခါသမယဖြစ်ပါသည်။

ထိုသို့ကြိုးပမ်းအားထုတ်ကြရာတွင် နိုင်ငံသားများ၏အသွင်မတူ၊ စရိုက်ကွဲ မတူညီမှုအမျိုးမျိုး ရှိပင်ရှိငြားသော်လည်း နိုင်ငံတော်၏တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး အခြေခံမူများနှင့်အညီ ရပ်တည်နေထိုင်လျက်ရှိပါသည်။

ထိုသို့ရပ်တည်ပြီး နိုင်ငံသားအားလုံးအတူတကွ ညီညွတ်မှုတစ္စာ တက်ညီလက်ညီဆောင်ရွက်ကြမှသာလျှင် မျှော်မှန်းထားသော နိုင်ငံတော်သစ်သို့ အလျင်အမြန်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျေလည်စွာ သိရှိထားဖို့ လိုအပ်ပါသည်။ မြန်မာနိုင်ငံကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်ပါသည်။

ယနေ့နိုင်ငံတော်က အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ပြဋ္ဌာန်းထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟု ပြဋ္ဌာန်းထားပါသည်။

ဆိုလိုသည်မှာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော နိုင်ငံသူနိုင်ငံသားအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး မည်မျှပင်ကွဲပြားခြားနားခြင်း ရှိစေကာမူ ခွဲခြားခြင်းမရှိစေရဟု အတိအလင်း ပြဋ္ဌာန်းထားသည်ကို နိုင်ငံသားအားလုံး သတိချပ်ရမည်ဖြစ်ပါသည်။ ထို့အပြင် သမိုင်းကြောင်းအစဉ်အလာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း သိရှိနားလည်လက်ခံထားကြရမည်ဖြစ်သည်။

ယဉ်ကျေးမှုဓလေ့ထုံးစံအရ မြန်မာနိုင်ငံသည် ဘာသာတရားနှင့် ယဉ်ကျေးမှု ထွန်းကားသော နိုင်ငံဖြစ်သည်။ နှစ်ပေါင်းရှည်လျားစွာ ဖြစ်တည်လာခဲ့သော ဘာသာရေး၊ ယဉ်ကျေးမှုနှင့် မိဘဆရာသမားအဆုံးအမများ ခိုင်မာတောင့်တင်းအားကောင်းသည့် နိုင်ငံဖြစ်သည်။ ဤနိုင်ငံသည် မြန်မာနိုင်ငံ၊ ဤလူမျိုးသည် မြန်မာလူမျိုးဖြစ်သည်ကို သတိမူရမည်ဖြစ်သည်။

မြန်မာဆိုသည်မှာ ဗြဟ္မာအနွယ်မှ တရွေ့ရွေ့ဆင်းသက်လာပြီး သည်းခံခြင်း၊ မေတ္တာတရားထားခြင်း၊ ကရုဏာတရားထားခြင်း၊ တရားမျှတခြင်း၊ အကြောင်းအကျိုး ဆင်ခြင်တုံတရားနှင့်ပြည့်စုံခြင်းဟူသည့် မွန်မြတ်သော စိတ်ထားများရှိသူများဟု သီတဂူဆရာတော်ကြီးက ဖွင့်ဆိုထားပါသည်။

တစ်ဆက်တည်းတွင် မြန်မာတို့သည် ထိုမွန်မြတ်သောစိတ်ဓာတ်ကို နှလုံးသားမှာအပြည့်ထားပြီး ငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးကို တညီတညွတ်တည်း တည်ဆောက်ကြဖို့ တိုက်တွန်းထားပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ယခုလရေဒီယိုမိန့်ခွန်းတွင်လည်း ဒီမိုကရေစီကနုနု၊ မုန်တိုင်းက ထန်ထန်ဖြစ်နေရင် ပြည်သူအများလိုလားနေသည့် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အဟန့်အတားများ ဖြစ်စေမည်ဖြစ်ပါသည်။ ထို့ကြောင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းရှိသော ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် ဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံထားပါသည်။

ထို့ကြောင့် သမိုင်းအစဉ်အလာကြီးမားခဲ့သော မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဣန္ဒြေ သိက္ခာရှိစွာဖြင့် ဝင့်ထည်စွာရပ်တည်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဥပဒေ၊ ထုံးတမ်းအစဉ်အလာများနှင့်တကွ ဆရာသမားအကြီးအကဲများ၏ အဆုံးအမတို့ကို မှတ်သားလိုက်နာသင့်ကြပါသည်။ ။

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေး မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရန် အိန္ဒိယနိုင်ငံမှ ဆက်စပ်ပစ္စည်းများ ရောက်ရှိ

ရန်ကုန် မေ ၁၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် ရခိုင်ပြည်နယ်အတွင်းသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသော (၂၃၀/ ၁၃၂/၁၁)ကေဗွီ၊ (၃၃ ဒသမ ၃၃) အမ်ဗွီအေ 1- Phase Power Transformer ၁၂ လုံးနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် သင်္ဘောသည် ရန်ကုန်တိုင်းဒေသကြီး အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သည်။

အဆိုပါ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများကို မေ ၈ ရက်တွင် သင်္ဘောပေါ်မှချ၍ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ တည်ဆောက်ရေး စီမံကိန်းအသီးသီးသို့ ပို့ဆောင်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးရရှိရေး တည်ဆောက်လျက်ရှိသော စီမံကိန်းများမှာ (၂၃၀) ကေဗွီ ဥသျှစ်ပင်-တောင်ကုတ်ဓာတ်အားလိုင်း မိုင် ၆၀၊ (၂၃၀) ကေဗွီ မန်း-အမ်း-ဓာတ်အားလိုင်း ၆၇ မိုင်၊ (၂၃၀)ကေဗွီ တောင်ကုတ်-မအီ-ကျောက်ဖြူ ဓာတ်အားလိုင်း မိုင် ၁၁၀၊ (၂၃၀)ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း ၁၁၅ ဒသမ ၇၃ မိုင်၊ (၂၃၀/၃၃) ကေဗွီ (၁၀၀)အမ်ဗွီအေ အမ်းပင်မဓာတ်အားခွဲရုံ၊ (၂၃၀/၆၆)ကေဗွီ (၁၀၀) အမ်ဗွီအေ ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံ၊ (၂၃၀/၆၆) ကေဗွီ (၁၀၀)အမ်ဗွီအေ တောင်ကုတ် ပင်မဓာတ်အားခွဲရုံ၊ (၂၃၀/၆၆/၁၁) ကေဗွီ (၁၀၀)အမ်ဗွီအေ ကျောက်ဖြူ ပင်မဓာတ်အားခွဲရုံတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများပြီးစီးပါက ရခိုင်ပြည်နယ်၌ ဓာတ်အားကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး အမ်းပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် အမ်းဒေသတစ်ဝိုက်သို့လည်းကောင်း၊ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားမြို့များနှင့် ဆက်စပ်ကျေးရွာများ တစ်ဝိုက်သို့လည်းကောင်း၊ တောင်ကုတ်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက တောင်ကုတ်၊ ကျိန္တလီ၊ ဂွ၊ သံတွဲမြို့များသို့လည်းကောင်း၊ ကျောက်ဖြူပင်မ ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးပါက ရမ်းဗြဲမြို့၊ ကျောက်ဖြူဒေသတစ်ဝိုက်နှင့် ကျောက်ဖြူ စက်မှုဇုန်များသို့လည်းကောင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်ဒေသတစ်ခုလုံးသို့ လျှပ်စစ်ဓာတ်အား ၂၄ နာရီပတ်လုံး ဓာတ်အား လုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

မြန်မာနိုင်ငံသို့ မီးသတ်ယာဉ်ခြောက်စီး လှူဒါန်း

မူဆယ် မေ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် မေ ၉ ရက်က တရုတ်နိုင်ငံ CIFG Company group မှ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ မီးသတ်ယာဉ်ခြောက်စီး ပေးအပ်လှူဒါန်းပွဲကို မူဆယ်ခရိုင် သစ်တောဦးစီးဌာနရုံးဝင်း၌ ကျင်းပခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံနယ်နိမိတ်ချင်း ထိစပ်နေသည်သာမက သစ်တောနယ်နိမိတ်များပါ ထိစပ်နေသည့်အတွက် နှစ်နိုင်ငံ သစ်တောကဏ္ဍထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောစီးပွားဖြစ်ထွန်းမှု၏ အဓိကအန္တရာယ်ဖြစ်သော တရားမဝင်သစ်ခုတ်လှဲရောင်းချမှုကို ပူးပေါင်းတားဆီးတိုက်ဖျက်ရေးအစီအမံဖြင့် မီးသတ်ယာဉ်ခြောက်စီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၇၉၄၀၆ လှူဒါန်းလက်ခံရရှိခြင်းဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာန အထွေထွေမန်နေဂျာ ဦးဝင်းရွှေက ရှင်းလင်းတင်ပြသည်။

အယ်လ်စိုး (မူဆယ်)

ရခိုင်ကမ်းလွန်ရွှေစီမံကိန်းမှ ကုမ္ပဏီများ အကျိုးပြုလုပ်ငန်းဆောင်ရွက်

နေပြည်တော် မေ ၁၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးသဘောတူစာချုပ် ချုပ်ဆို၍ ရခိုင်ကမ်းလွန်လုပ်ကွက် (A-1 & A-3)၌ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းအား ဆောင်ရွက်လျက်ရှိသော ဒေဝူးကုမ္ပဏီက ကျောက်ဖြူဆေးရုံနှင့် ရမ်းဗြဲဆေးရုံများသို့ အမေရိကန်ဒေါ်လာ ၇၃၁၈၈ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်း၏ အစုအဖွဲ့ဝင်များကိုယ်စား လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ပြီးခဲ့သည့်လက ကျောက်ဖြူနှင့် ရမ်းဗြဲဆေးရုံတို့၌ ကျင်းပခဲ့သည်။

ရွှေစီမံကိန်း၏ အစုအဖွဲ့ဝင်များကိုယ်စားဒေဝူးမှ ဆေးရုံသုံးပစ္စည်းများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျောက်ဖြူဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းကို ၂၀၀၆ ခုနှစ်မှစတင်၍ လူမှုရေးတာဝန် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ရွှေစီမံကိန်းတွင် Daewoo, ONGC Videsh, Gail(India), Korea Gas နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)တို့ အစုရှယ်ယာများပါဝင်ပြီး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်း မဆောင်ရွက်မီ ၂၀၀၆ ခုနှစ်မှ စတင်ပြီး ရွှေစီမံကိန်း၏ Daewoo E & P မှ လူမှုစီးပွားအထောက်အကူပြုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း ကျခံသုံးစွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။**(အောက်ဝဲပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xiong Shaowei နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ နယ်စပ်ဒေသ ထာဝရတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသအတွင်း မူးယစ်ဆေးဝါးနှင့် တရားမဝင် မှောင်ခိုမှုပြဿနာများအား နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသိပေးကြေညာချက်

၁။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွင်းအောက်ပါအချက်များကို လိုက်နာသွားရန် အသိပေးကြေညာအပ်ပါသည်-

(က) ရေခဲထုပ်၊ ရေပူဖောင်းများ ပစ်ဖောက်ခြင်း၊ ရေဆိုးရေပုပ်များဖြင့် ပက်ခြင်း၊ ဆပ်ပြာမှုန့်ထည့်၍ ဂတ်စ်ဘူးများဖြင့် ပက်ခြင်း၊ ထိခိုက်အန္တရာယ်ရှိသည့် ပစ္စည်းများ၊ အရည်များဖြင့် ပက်ခြင်းများ မပြုလုပ်ရန်၊

(ခ) မူးယစ်ရမ်းကားမှုများ မပြုလုပ်ရန်၊

(ဂ) အများပြည်သူ ထိခိုက်စေသော ရိုင်းစိုင်းသည့် အပြုအမူများ မပြုလုပ်ရန်၊

(ဃ) မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆန့်ကျင်သော အပြုအမူ၊ အပြောအဆို၊ ဝတ်စားဆင်ယင်မှုများ၊ ကခုန်သီဆိုမှုများ မပြုလုပ်ရန်၊

(င) အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားမှုများ မပြုလုပ်ရန်၊

(စ) တုတ်၊ ဓား၊ လက်နက်စသည့် အန္တရာယ်ရှိသော ပစ္စည်းများ ကိုင်ဆောင်ခြင်း မပြုလုပ်ရန်၊

(ဆ) သင်္ကြန်မဏ္ဍပ်များပေါ်နှင့် အနီးတစ်ဝိုက်တွင် အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးရောင်းချသုံးစွဲခြင်း မပြုလုပ်ရန်။

၂။ အထက်ဖော်ပြပါ အချက်များကို တိကျစွာ လိုက်နာသွားကြရန်နှင့် လိုက်နာခြင်းမရှိပါက သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားသည့် အထူးတရားရုံးများသို့ မဟာသင်္ကြန်စီမံချက်အမှုများအဖြစ် သတ်မှတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

※ လှည်းတန်းခုံးကျော်မှ

တံတားအမျိုးအစားမှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၂၅၀၇ ပေ ဖြစ်သည်။ အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်အမျိုးအစားဖြစ်ကာ တံတားအပေါ်ထည်တွင် သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းများဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

တံတားအကျယ်မှာ ပေ ၅၀ ရှစ်လက်မနှင့် လေးလမ်းသွားဖြစ်ပြီး ယာဉ်သွားလမ်းမှာ ၄၄ ပေ ရှစ်လက်မ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိပြီး တံတားအောက် ကင်းလွတ်အမြင့်မှာ ၁၈ ပေဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်မှာ တန် ၆၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် စုစုပေါင်းမှာ ၉၈ ပေ ရှစ်လက်မဖြစ်သည်။

လှည်းတန်းလမ်းဆုံရှိ ရန်ကုန်-ပြည်လမ်းမကြီးပေါ်တွင် ခုံးကျော်တံတားကြီးတစ်စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် မော်တော်ယာဉ်နှင့် ခရီးသွားပြည်သူများ ယာဉ်ကြောကြန့်ကြာမှု မရှိတော့ဘဲ အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်ကြတော့မည် ဖြစ်သည်။

၂၀၁၃ ခုနှစ် သင်္ကြန်ရက်များအတွင်း ရေပေးဝေရေးအစီအစဉ်

ရန်ကုန် ဧပြီ ၁၀

၂၀၁၃ ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း ပြည်သူများရေပြတ်လပ်မှု မရှိစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က စီစဉ်ထားရှိရာ ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)နှင့် ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)တို့တွင် အောက်ပါအတိုင်း ရေပေးဝေမည်ဖြစ်သည်။

(က) ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းနှင့်ဒဂုံမြို့နယ်များသို့ နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ၆ နာရီထိ တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍ ရေပေးဝေမည်ဖြစ်သည်။ (ခ) အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရေပေးဝေသွားမည်ဖြစ်သည်။ (ဂ) တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်များသို့ မူလရေပေးဝေချိန်အတိုင်း ပေးဝေမည်ဖြစ်သည်။

ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် မြို့နယ်များအားလုံးသို့ ယခင်ပုံမှန်ရေပေးဝေချိန်အတိုင်း ပြန်လည်ပေးဝေသွားမည်ဖြစ်သည်။ သတ်မှတ်ရေပေးဝေချိန်အတွင်း ရေပိုက်များအရေးပေါ်ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွင် တာဝန်ချထားသည့် (ရေ/သန့်) ဝန်ထမ်းများထံ အကူအညီတောင်းခံနိုင်ပြီး အရေးတကြီးအကူအညီလိုအပ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း ၀၁-၂၄၉၆၅၅၊ ၂၄၃၅၅၀၊ ၃၈၂၉၈၉၊ ၃၈၂၉၉၀နှင့် ၆၆၀၃၄၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယနေ့သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မာလီမှ ပြင်သစ်တပ်များ စတင်ရုပ်သိမ်းပြီ

ဘာမာကို မေ ၁၀

ပြင်သစ်နိုင်ငံသည် မာလီနိုင်ငံမှ ၎င်း၏တပ်ဖွဲ့များကို စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း စစ်ဘက်က အင်္ဂါနေ့တွင် ပြောကြားသည်။

တပ်ဖွဲ့ဝင် ၁၀၀ခန့်ပါဝင်သော ပထမဆုံးအုပ်စုသည် မတ်လကုန်တွင် မာလီနိုင်ငံမှ ထွက်ခွာသွားပြီးဖြစ်သည်။

နိုင်ငံ၏အရှေ့မြောက်ပိုင်း တက်(စ်)ဆာလစ်မှ တပ်ဖွဲ့ဝင် ၁၀၀နီးပါးသည် အိုင်ဗရီကို့(စ်)နိုင်ငံ အေဗစ်ဂျန်သို့ လွန်ခဲ့သည့်သီတင်းပတ်က ရောက်ရှိနေပြီဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးက ဒီပီအေကို ပြောကြားသည်။

၎င်းတို့သည် လေထီးတပ်ဖွဲ့မှဖြစ်သည်။ ယင်းတပ်ဖွဲ့က အယ်လ်ဂျီးရီးယားနယ်စပ်အနီး တောင်ကုန်းတောင်တန်းများပေါ်၌ ခိုအောင်းနေကြသော အစ္စလာမ္မစ်သူပုန်များကို လိုက်လံချေမှုန်းနေသည့်တပ်ဖွဲ့ဖြစ်သည်။

အနားယူစေ

အိုင်ဗရီကို့(စ်)၌ ရောက်ရှိနေသော ၎င်းတပ်ဖွဲ့ကို ဆိုက်ပရပ်စ်နိုင်ငံသို့ပို့ဆောင်၍ အနားယူအားဖြည့်စေပြီး ယင်းနောက်မှ ပြင်သစ်နိုင်ငံသို့ ပြန်ခေါ်ယူမည်ဖြစ်သည်။

အစ္စလာမ္မစ်သူပုန်များသည် နိုင်ငံမြောက်ပိုင်းကို သိမ်း၍ မြို့တော်ဘာမာကိုသို့ ချီတက်လာခြင်းကို ရပ်တန့်သွားစေရန် ပြင်သစ်တပ်ဖွဲ့များက မြေပြင်မှလည်းကောင်း၊ ဝေဟင်မှလည်းကောင်း သုံးလကြာထိုးစစ်ဆင်ပြီးနောက် ဧပြီလကုန်တွင် ၎င်းတို့၏တပ်များကို ပြန်လည်ရုပ်သိမ်းမည်ဟု ပြင်သစ်က ကြေညာခဲ့ပြီးဖြစ်သည်။

မာလီသို့ ပြင်သစ်တပ်ဖွဲ့ ၄၀၀၀အထိ ရောက်ရှိလာပြီး အာဖရိကတပ်များနှင့်ပူးပေါင်း၍ အယ်လ်ခိုင်ဒါနှင့်ဆက်နွှယ်သောသူပုန်များကို ယင်းနိုင်ငံမှ မောင်းထုတ်ခဲ့ကြသည်။

ဒီပီအေ။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် စစ်စခန်းတစ်ခုသို့ စစ်ဆေးရာ၌ သေနတ်ပစ်ပြနေစဉ်။

တောင်ကိုရီးယားရှိ နိုင်ငံခြားသားများကို မြောက်ကိုရီးယား သတိပေး

ဆိုးလ် မေ ၁၀

စစ်ဖြစ်လာလျှင် ရွှေ့ပြောင်းပြေးနိုင်ရေးအတွက် နည်းလမ်းများကို ရှာကြံထားကြရန် တောင်ကိုရီးယားနိုင်ငံ၌နေထိုင်ကြသည့် နိုင်ငံခြားသားများကို မြောက်ကိုရီးယားက သတိပေးလိုက်ကြောင်း အင်္ဂါနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပြုံယမ်းက ဒုံးကျည်စမ်းသပ်ဖွယ်ရာရှိသည်ဟု စိုးရိမ်စိတ်များရှိနေစဉ်မှာပင် ယင်းသို့ သတိပေးခြင်းဖြစ်သည်။ တောင်ကိုရီးယား၊ ဂျပန်နှင့် ထိုဒေသရှိ အမေရိကန်စစ်စခန်းများကို ရန်လိုစွာခြိမ်းခြောက်လျက် ရှိသည်။

ဂျပန်နိုင်ငံသည် ၎င်း၏သန်း ၃၀ မျှသော ပြည်သူများကို ကာကွယ်ရန် တိုကျိုမြို့တွင်း သုံးနေရာ၌ ဒုံးဖျက်အမြောက်များ ဖြန့်ကြက်ထားသည်။

အမေရိကန်လုပ် ပီထရော့ ဒုံးခွင်းဒုံးစနစ်များကိုလည်း ကာကွယ်ရေးဝန်ကြီးဌာနနှင့် အခြားစစ်စခန်းနှစ်ခု၌ ဖြန့်ကြက်ထားသည်။

ဂျပန်နိုင်ငံသည် ၎င်း၏ခေတ်မီဆုံးစစ်သင်္ဘောနှစ်စင်းကို လွန်ခဲ့သည့်သီတင်းပတ်ကုန်၌ စေလွှတ်ခဲ့ပြီး ဂျပန်ကျွန်းများဆီသို့ မြောက်ကိုရီးယားမှပစ်လွှတ်သော မည်သည့်ဒုံးကျည်မဆို ပစ်ချရန် အမိန့်ပေးထားပြီးဖြစ်သည်။

ဘီဘီစီ။

ဖိလစ်ပိုင်တင်ပို့ကုန် ဖေဖော်ဝါရီလတွင် ကျဆင်း

မနီလာ မေ ၁၀

ဖိလစ်ပိုင်နိုင်ငံ၏ ဖေဖော်ဝါရီလ တင်ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄ ဘီလီယံရရှိပြီး နှစ်အလိုက်နှုန်းထားထက် ၁၅ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ၁၄ လတာတွင် လျော့ကျခဲ့သောနှုန်းထားဖြစ်ကြောင်း၊ အီလက်ထရွန်နစ်ပစ္စည်းတင်ပို့ကုန် သိသာစွာလျော့ကျမှုကြောင့်ဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဌာန(အင်န်အက်စ်အို) က မေ ၁၀ရက်တွင် ပြောကြားခဲ့သည်။

ပြည်ပသို့တင်ပို့သော အီလက်ထရွန်နစ်ပစ္စည်းများ၏ဝင်ငွေသည် တင်ပို့ကုန် စုစုပေါင်းဝင်ငွေ၏ ၄၀ရာခိုင်နှုန်းမျှ ရှိပြီး ၃၆ဒသမ ၅ရာခိုင်နှုန်း လျော့ကျခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၁ဒသမ ၄၈ဘီလီယံသာရရှိခဲ့သည်။

၂၀၁၃ခုနှစ် ပထမနှစ်လတာတွင် စုစုပေါင်းတင်ပို့ကုန်သည် နှစ်အလိုက်နှုန်းထားထက် ၉ဒသမ ၄ရာခိုင်နှုန်း လျော့နည်းပြီး အမေရိကန်ဒေါ်လာ ၇ဒသမ ၇၅ဘီလီယံ ရရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမှကုန်စည်ကို အများဆုံးတင်ပို့သောနိုင်ငံမှာ ဂျပန်၊ အမေရိကန်၊ တရုတ်၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်သည်။

ဆင်ဟွာ။

မာလီတောင်ကုန်းများပေါ်တွင် အစ္စလာမ္မစ်သူပုန်များကို ရှာဖွေချေမှုန်းကြသော ပြင်သစ်တပ်ဖွဲ့များကို တွေ့ရစဉ်။

တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကိုးဦးသေဆုံး

ပေကျင်း မေ ၁၀

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်နှင့် ကျန်းစုပြည်နယ်တို့တွင် မေ ၉ ရက်မွန်းလွဲပိုင်းက H7N9 ကြက်ငှက် တုပ်ကွေးရောဂါကူးစက်ခံရမှုကြောင့် လူနှစ်ဦးသေဆုံးသွားခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

နေ့စဉ်မြင့်တက်

အဆိုပါသေဆုံးသူနှစ်ဦးအပါအဝင် တရုတ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူ ကိုးဦးရှိသွားပြီဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံတွင် H7N9 ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုမှာ နေ့စဉ်မြင့်တက်လာလျက်ရှိကြောင်း အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်က ထုတ်ပြန်ကြေညာသည်။

မတ်လနှောင်းပိုင်းတွင်စတင်

မေ ၉ ရက်တွင် တရုတ်နိုင်ငံအရှေ့ပိုင်း ကျယ်ကျန်းပြည်နယ်နှင့် ရှန်ဟိုင်းမြို့တွင် H7N9 ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုလေးခုဖြစ်ပွားခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် လူသို့ကူးစက်တတ်သည့် H7N9 ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ မတ်လနှောင်းပိုင်းတွင် စတင်ဖြစ်ပွားခဲ့ကြောင်းနှင့် ယခုအချိန်ထိ ရောဂါကူးစက်မှု ၂၈ခုနှင့်သေဆုံးသူ ကိုးဦးရှိ သွားပြီဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

လူလူချင်းမကူးစက်

တရုတ်ကျန်းမာရေးတာဝန်ရှိသူများက H7N9 ကြက်ငှက်တုပ်ကွေးရောဂါသည် အခြားကြက်ငှက်တုပ်ကွေးရောဂါ များနှင့်မတူဘဲ ကွဲပြားခြားနားပြီး လူလူချင်း ကူးစက်သည့် လက္ခဏာမတွေ့ရကြောင်း အတည်ပြုပြောကြားသည်။

ဆင်ဟွာ

ပတ်ပတ်လည်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

ဟိန်းထက်လင်း

ရာစုနှစ်တစ်ခုအတွင်း ပင်လယ်ရေမျက်နှာပြင် သုံးပေခန့်မြင့်တက်

ခန့်မှန်းခြေအရ ပင်လယ်ရေမျက်နှာပြင်မှာ ရာစုနှစ်တစ်ခုကာလအတွင်း သုံးပေခန့်မြင့်တက်လာခဲ့ခြင်းကြောင့် အရှေ့တောင်အာရှဒေသနှင့် ပစိဖိတ်ဒေသများတွင် နေထိုင်ကြသော သက်ရှိသတ္တဝါများအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်လာခဲ့ကြောင်း အမေရိကန်နှင့် ဥရောပမှ သုတေသီများ စုပေါင်းလေ့လာခဲ့သည့် လေ့လာချက်အသစ်တစ်ခုအရ သိရသည်။ အရှေ့တောင်အာရှဒေသနှင့် ပစိဖိတ်ဒေသများတွင် ကျွန်းပေါင်း ၁၂၀၀၀ ထက်မနည်းနှင့် ယင်းတို့အပေါ် မှီခိုအသက်ရှင်နေထိုင်သော သက်ရှိသတ္တဝါမျိုးစိတ် ၃၀၀၀ ကျော်တို့မှာ ပင်လယ်ရေလွှမ်းမိုးမှုခံရမည့် ခြိမ်းခြောက်မှုတစ်ရပ်နှင့် ရင်ဆိုင်လာရနိုင်ကြောင်း ၎င်းတို့က ဆိုသည်။

ရေနံပိုက်လိုင်းသွယ်တန်းရန် ဂျော်ဒန်နှင့် အီရတ်တို့ သဘောတူ

ဂျော်ဒန်နိုင်ငံ၏ ဆိပ်ကမ်းမြို့တော် အကွာဘာမှတစ်ဆင့် အီရတ်နိုင်ငံမှ ရေနံများကို ဂျော်ဒန်နိုင်ငံသို့ တင်ပို့ရောင်းချရန်အတွက် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံတန်ဖိုးရှိ နှစ်ထပ်ပိုက်လိုင်းသွယ်တန်းမှုတစ်ခု ပြုလုပ်ရန်အတွက် ဂျော်ဒန်နှင့် အီရတ်နိုင်ငံတို့သည် မေ ၉ ရက်က သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ အရှည် ၁၆၈၀ ကီလိုမီတာရှိမည့် အဆိုပါ ပိုက်လိုင်းမှတစ်နေ့လျှင် ရေနံစည်တစ်သန်းခန့် ကုန်သွယ်ရန်ရည်ရွယ်ထားကြောင်း၊ အီရတ်နိုင်ငံဘာဆရာမြို့မှ စတင်သွယ်တန်းမည်ဖြစ်ကြောင်း သိရသည်။

ချီကာဂို Field ပြတိုက် ရှားပါးစာအုပ်များရောင်းချမည်

အမေရိကန်နိုင်ငံချီကာဂိုမြို့မှ Field အမည်ရှိ သဘာဝပတ်ဝန်းကျင်သမိုင်းပြတိုက်သည် ရှားပါးစာအုပ်များကို ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ဂျွန်အက်ဒူဘွန်၏ "Birds of America " အမည်ရှိ ရှားပါးစာအုပ်အပါအဝင် အခြားရှားပါးစာအုပ်များကို ပြန်လည်ရောင်းချမည်ဖြစ်ပြီး ယင်းသို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်ရရှိနိုင်ဖွယ်ရှိကြောင်း ပြတိုက်တာဝန်ရှိသူများက ဆိုသည်။

မလေးရှားအထွေထွေရွေးကောက်ပွဲ မေ ၅ ရက်တွင် ကျင်းပမည်

မလေးရှားနိုင်ငံအတွင်း အထွေထွေရွေးကောက်ပွဲတစ်ခုကို မေလ ၅ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က မကြာမတင်ကာလအတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသည် ဝန်ကြီးချုပ် နာဂျစ်ရာဇက်ခ်၏ အာဏာရ ယာယီညွန့်ပေါင်းအဖွဲ့အတွက် စမ်းသပ်စိန်ခေါ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးလှုံ့ဆော်မှုများမှာ ဧပြီ ၂၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ကြက်ဥ/ဘဲဥ အကာစားသုံးခြင်းက သွေးပေါင်ချိန်လျော့ကျစေ

ကြက်ဥ/ဘဲဥ အတွင်းရှိအနှစ်တွင် ကိုလက်စထရောပါဝင်မှုနှင့် ပတ်သက်၍ ယခင်က အငြင်းပွားဖွယ်ကိစ္စများဖြစ်ပေါ်ခဲ့သော်လည်း အကာမှာမူ သွေးအတွင်းရှိ ကိုလက်စထရာပမာဏကို လျှော့ချပေးနိုင်သည်ဟု တရုတ်နိုင်ငံ ဂျီလင်တက္ကသိုလ်မှ သုတေသီ Zhipeng Yu က ထုတ်ဖော်တင်ပြခဲ့ခြင်းကြောင့် ကြက်ဥ/ ဘဲဥကြိုက်နှစ်သက်သူများအတွက် သတင်းကောင်းတစ်ခုဖြစ်လာခဲ့သည်။ ကြက်ဥ/ဘဲဥအကာတွင် သွေးပေါင်ချိန်လျော့ကျစေနိုင်သည့် ပရိုတင်းများ ပါဝင်နေသည်ဟု ၎င်းကရှင်းပြပြောဆိုခဲ့သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရ၌သာမက နိုင်ငံသူ၊ နိုင်ငံသားများအားလုံး တာဝန်သိသိ၊ တာဝန်ရှိရှိဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုအပ်

နေပြည်တော် **မေ** **၁၀**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ယမန်နေ့နံနက်၉နာရီခွဲတွင် စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာများဖြစ်ကြသည့် ဒုံးတောနှင့် ကံကုန်းကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား ကံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီးအစိုးရများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကြီး ဦးဆောင်၍ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ရာ အောင်မြင်မှုများရှိလာပြီဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရ၌သာမက နိုင်ငံသူနိုင်ငံသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့အတွက် အားလုံးတက်ညီလက်ညီဖြင့် တာဝန်ရှိရှိ၊ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကံကုန်းကျေးရွာနှင့် ဒုံးတောကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ဆရာမများက ကြေးနီတောင်စီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာများအတွက် အနာဂတ်ကာလမျှော်လင့်ချက်ဆိုင်ရာများ၊ လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုင်ရာများ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့မှတစ်ဆင့် ကျော်ရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျေးရွာနေဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာနေပြည်သူများ၏ လိုအပ်ချက်များဖြစ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာစေရေး၊ ကျန်းမာရေးလိုအပ်ချက်များဖြည့်ဆည်းပေးရေး၊ အခြေခံပညာကျောင်းများ ပြုပြင်ဆောက်လုပ်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် အခြားအခြေခံလိုအပ်ချက်များအပေါ် တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းပံ့ပိုးကူညီပေးနိုင်မည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဒေသအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ဆောင်ရွက်ပေးသွားမည့်အစီအမံများ၊ ပညာရေး၊ ကျန်းမာရေးတို့အပေါ် ကူညီဆောင်ရွက်သွားမည့် အစီအမံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် စီမံဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့နှင့် ၁၇ မိုင်ခန့်အကွာတွင် ကြေးနီတောင်စီမံကိန်းနယ်မြေမှ ဒေသခံပြည်သူများအတွက် အစားထိုးလယ်ယာမြေများ ဖော်ထုတ်ပေးနိုင်ရန် လျာထားစီမံဆောင်ရွက်လျက်ရှိသည့်နေရာသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအနေဖြင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို အဖွဲ့များဖြင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးလျက်ရှိရာ သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အနေဖြင့် အပြီးသတ် မြေယာတိုင်းတာခြင်းလုပ်ငန်းများပြီးစီးခဲ့ပြီး တောင်သူ ၅၈၈ဦး၊ မြေဧက ၁၇၃၀ အတွက် လျော်ကြေးငွေကျပ် ၁၈၃၅၇သိန်းထုတ်ပေးခဲ့ပြီးဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျေးရွာသစ်များတွင် ပျိုးဥယျာဉ်များ ထူထောင်ပြီး ယခုနှစ်မိုးရာသီအမီ စိုက်ပျိုးနိုင်ရေး ပျိုးပင်များ စုဆောင်းလျက်ရှိသည်။ စီမံကိန်း ဧရိယာအတွင်းရှိ ကျေးရွာများမှ ကျေးရွာသစ်များသို့ အိမ်ထောင်စု ၁၃၇ စု ပြောင်းရွှေ့နေထိုင်ခဲ့ရာ အိမ်ပြောင်းရွှေ့ စရိတ်များကိုလည်း ထုတ်ပေးလျက်ရှိပြီး အိမ်သစ်များတွင် ရေ၊ မီး၊ လမ်းတံတားစသည့် လိုအပ်ချက်များကို တစ်ပါတည်း ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဒေသခံတောင်သူများ အလုပ်အကိုင်ရရှိရေးအတွက် ကြေးနီစီမံကိန်းများတွင် ဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန်အပြင် အခြားအလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်လွှတ်တော် စည်းဝေး

နေပြည်တော် **မေ** **၁၀**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေ(မူကြမ်း) များ တင်သွင်းခြင်း၊ ထောက်ခံအတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ပင်စင်ခံစားနေသော အငြိမ်းစားများသို့ အသိပေး

၁။ လက်ရှိပင်စင်ခံစားနေသော အငြိမ်းစားများအား လက်ရှိပင်စင်လစာအပြင် ဝန်ထမ်းများအား လစာတိုးမြှင့်ခွင့်ပြုသည့် ကျပ် ၂၀၀၀၀ အပေါ် ပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ ၂၀၁၃ ခုနှစ် ဧပြီလ လစာမှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

၂။ ပင်စင်စားများ တိုးမြှင့်ပင်စင်လစာကို လွယ်ကူမြန်ဆန်စွာ ခံစားခွင့်ရရှိရေးအတွက် ပင်စင်စားများက လျှောက်ထားဆောင်ရွက်ရန်မလိုအပ်ဘဲ ပင်စင်ဦးစီးဌာနက တိုးမြှင့်ပင်စင်လစာသစ်ကို တာဝန်ယူတွက်ချက်၍ လက်ရှိပင်စင်လစာ ထုတ်ယူလျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်၊ လုပ်ငန်းအဖွဲ့အစည်းများသို့ အကြောင်းကြားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ **(ပင်စင်ဦးစီးဌာန)**

ပိတောက်ပွင့်ဖူး လတန်ခူး ပျော်မြူးဆင်နွှဲ သင်္ကြန်ပွဲ

ပန်းတောင်း သန်းကြွယ်

မခူးချင်စမ်းပါနဲ့
နှစ်ဆန်းခါတော်မီမို့
ဇမ္ဗော်ရည်ပြေပြေလိမ်းကာပ
ခပ်သိမ်းနယ်စုံစုံသို့
ပွင့်ငုံကို လင့်ကုန်ကြတော့လို့
ခေါင်းကြွကာ ဆာဝေဝေနဲ့
သူလည်းလေ လောကီသားလိုပ
ကြွားချင်လှ ပေလိမ့်မယ်။
တစ်သိန်တင့်ပါဘိ
တိမ်မြင့်ရီပြာပြာက
ကြည်သာသာပင့်လေအမြူးတွင်ဖြင့်
တီတာတာပွင့်ရွှေဖူးငယ်တို့
လည်ယှက်ကာ ဘယ်ညာလူးလေတော့
သူတို့လို ဘယ်သူမြူးနိုင်ပ့ါ
ထူးပါဘိတယ်။

ဇော်ဂျီ

ပိတောက်တွေ ရွှေရည်လူးသည့် တန်ခူးလသို့ ရောက်ခဲ့ပြန်လေပြီ။ တန်ခူးလသည် မြန်မာတို့၏ ဆယ့်နှစ်လတွင် ပထမဦးဆုံးလဖြစ်သည်။ အပူရှိန်ပြင်းစ နွေဦးကာလဖြစ်သည်။ ရေတွင်းရေကန်များခန်းခြောက်စပြုချိန်ဖြစ်သည်။ ရှေးလူကြီးများက "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟု ဆိုစမှတ်ပြုကြသည်။

"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး" ဟူသော ရှေးလင်္ကာအတိုင်း သင်္ကြန်ကာလအနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာတတ်သည်။ သင်္ကြန်လက်ဆေးမိုး၊ သင်္ကြန်မိုးဟုခေါ်ကြသည်။ သင်္ကြန်မိုးကြောင့် ထွက်သစ်စ ရွက်သစ်ရွက်နု ပုရစ်ဖူးကလေးများ လန်းဆန်းဝေစည်လာကြသည်။ သစ်ရွက်သစ်ပင်များ စိုစိုပြည်ပြည် ဖြစ်လာကြသည်။ သင်္ကြန်မိုးနှင့် တန်ခူးနေရှိန်တို့ကြောင့် မြေသင်းရနံ့များ သင်းပျံ့လာလေ့ရှိသည်။ ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင်

"ခါလည်လုလု၊ ရတုသစ်သစ်
သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း
ကိန်းခန်းသင့်မော၊ ရွက်ရင့်လျော၍
ရွက်လျောမူလွန်၊ ရွက်သစ်ပြန်တည်
ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်
မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး
မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်
လကဆုန်သည်၊ ပဗ္ဗုန်ရိုက်မည်၊ ချုန်းချုန်းတည်း"

ဟု တန်ခူးကာလမြေသင်းရနံ့ သင်းပျံ့ပျံ့ကိုဖွဲ့ဆိုခဲ့သည်။

လတန်ခူးဝယ် ပိတောက်တို့ဖူးပွင့်ဝေဆာသကဲ့သို့ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းတို့လည်း ဖူးပွင့်ကြသည်။ သင်္ကြန်ကာလအတာသဘင်ပွဲကိုလည်း မြူးထူးပျော်ရွှင်စွာ ဆင်နွှဲကြသည်။ ရှေးခေတ်စာဆို ဦးအောင်ကြီးက

"ကောင်းကင်မိုးလ၊ စိတြနှင့်
မိဿရာသီ၊ အညီခါကျော်
နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်
ပင်တိုင်းညွတ်လျက်၊ ပွင့်ဖတ်ဝေဝေ
တောင်လေသုတ်ဖြူး၊ လတန်ခူးကို
မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်
ဆင်ယင်တုပ၊ လွှရရွှတည့်" ဟု ရေးဖွဲ့ခဲ့သည်။

တန်ခူးဟုရေးသားသုံးစွဲခြင်းကို ပုဂံခေတ်ကပင် စတင်သုံးစွဲခဲ့သည်။ အင်းဝခေတ်၌မူ တန်ခူးဟုရေးသားကြသည်။ တန်သည် ထန်းဟုအဓိပ္ပာယ်ရပြီး ခူးမှာ ခူးဆွတ်ခြင်းဖြစ်သည်။ ထို့ကြောင့် တန်ခူးဟူသည်မှာ ထန်းခူးသောလ၊ ထန်းသီးဆွတ်ခြွေသောလဟု မြန်မာလအမည်များကျမ်းက ဆိုလေသည်။

တန်ခူးကို တာကူးဟုလည်းရေးသားကြသည်။ မိန်ရာသီမှ မိဿရာသီသို့ သင်္ကြန်အတာကူးသောကြောင့် တာကူးလဟုဆိုကြောင်း အချို့ဆရာတို့က ညွှန်ပြကြသည်။ အချို့ပညာရှင်တို့ကမူ ထိုတာကူး၏ အဓိပ္ပာယ်ကို အာသီ ပြဟ္မာမင်း၏ဦးခေါင်းကို နတ်သမီးခုနစ်ယောက် တစ်နှစ်ကို တစ်ယောက်ကျ တာဝန်ယူရသည်ကို အစွဲပြုကာ တာ၊ အတာဟူသော ဝေါဟာရဖြစ်ပေါ်လာကာ နှစ်ကုန်၍ နတ်သမီးတစ်ယောက်မှ နောက်တစ်ယောက်သို့ တာဝန်လွှဲပြောင်းပေးသည်ကို တာကူး၊ အတာကူးဟု ခေါ်ကြောင်း ယူဆကြသည်။

ဆရာကြီး ဦးဖိုးလတ်ကမူ တန်ခူးလ၌ မည်သည့်ရာသီဥတု၊ ရတုတစ်ခုမျှကူးပြောင်းခြင်းမရှိဘဲ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းသာရှိသောကြောင့် တာကူး၊ အတာကူး ဟူသည်မှာ "နှစ်ကူး"ဟုသာ အဓိပ္ပာယ်ရကြောင်း ညွှန်ပြလေသည်။

တန်ခူးလတွင် ၂၉ ရက်သာရှိသည်။ ရက်မစုံလဖြစ်သည်။ နာရီအားဖြင့် နေ့ ၃၀ နာရီ၊ ညဉ့် ၃၀ နာရီ ရှိသည်။ နေ့တာညတာတူညီသောလဖြစ်သည်။ စက်နာရီအရ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သည်။ ရာသီအလိုအားဖြင့် မိဿရာသီဖြစ်သည်။ ဤလတွင်စိတြနက္ခတ်နှင့် စန်းယှဉ်ကြည့်ကာ အာသာဝတီနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ ရာသီရုပ်မှာ ဆိတ်သတ္တဝါ၏ပုံဖြစ်သည်။ တံငါတာရာ ထွန်းပပြီး တန်ခူးလ၏ပွဲတော်မှာ သင်္ကြန်ပွဲဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်၊ ရင်ခတ်နှင့် ပိတောက်ပန်းတို့ ဖြစ်ကြသည်။

ပိတောက်ပန်းမှာ ပေါ်လွင်ထင်ရှားပြီး သင်္ကြန်ပန်းဟုလည်း ခေါ်ကြသည်။ ခမ်းနားလွန်းသဖြင့် "လမ်းတစ်လျှောက်သင်းပါဘိ၊ ဆန်းသလောက်မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း"ဟူ၍ စာဆိုတော်ကြီး ဦးကျော့က ဖော်ညွှန်းဂုဏ်ပြုခဲ့သည်။ ခေတ်စမ်းကဗျာ ဆရာကြီးဇော်ဂျီကလည်း "နှစ်သစ်ကူးတဲ့ တန်ခူးခါမှာ၊ ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ၊ ပျော်ပွဲကတဝင့်ဝင့်၊ ကဲလို့သာဆင့်ရော့၊ အရွယ်သင့်၊ အရွယ်ငယ် မြန်မာတွေထည်လိုက်ကြ"ဟု ဂုဏ်ပြု အမွှန်းတင်ခဲ့သည်။ ကြည်နူးနှစ်သက်ဖွယ် အတာသင်္ကြန်နှင့် ဒါနကောင်းမှုများ တွဲဖက်ပြုလုပ်ကြပုံကို ရည်ညွှန်းဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

လူမျိုးအသီးသီးတို့သည် မိမိတို့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များ ကျင်းပကြသည်။ နှစ်သစ်ဆန်းကို ဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။ အဟောင်းမှအသစ်သို့ ကူးပြောင်းခြင်းသည် ကောင်းသောမင်္ဂလာဖြစ်သောကြောင့် နှစ်သစ်ကူးခြင်းကို မင်္ဂလာဟု လူမျိုးတိုင်းက လက်ခံယုံကြည်ကြသည်။

မြန်မာတို့၏ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းချိန်တွင် တာသင်္ကြန်ရေသဘင်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသည် "သင်္ကြန္တ"ဟူသော သက္ကတပုဒ်မှလည်းကောင်း၊ "သင်္ကန္တ"ဟူသော ပါဠိမှလည်းကောင်း ဆင်းသက်လာခြင်းဖြစ်သည်ဟု ယူဆကြသည်။ နှစ်ပုဒ်လုံးမှာ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရလေသည်။

အချို့ပညာရှင်များက "ခေါင်းဆေးသင်္ကြန်၊ ကောင်းညွှန့်လှန်၊ မကျန်စေ့စုံစွာ"ဟူသော ကဝိလက္ခဏာ သတ်ပုံလင်္ကာနှင့်အညီ ကောင်းခြင်းမင်္ဂလာ၊ ကြန်အင်လက္ခဏာ တိုးပွားစေရန် သုတ်သင်ဆေးကြောခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်းကို သင်္ကြန်ဟုခေါ်ဆိုကြောင်း ယူဆကြသည်။ နှစ်သစ်မင်္ဂလာအခါတော်တွင် မြန်မာတို့ ပျော်ရွှင်ကြည်နူးစွာ ရေပက်ကစားခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း၊ ရေကိုသား၍ အကြားမထင်ခြင်းဟူသော ရေနိမိတ်သုံးပါးကို ယူခြင်းဖြစ်သည်။ မြန်မာပြည်သူအများ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေသည့်သဘော၊ နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောသန့်စင်သည့်သဘော၊ တိုင်းရင်းသားပြည်သူများအားလုံး ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိစေခြင်းသဘောဟူသော မွန်မြတ်သောရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကို နွှဲပျော်ခြင်းဖြစ်ကြောင်း ရှေးခေတ်ပညာရှင်တို့က ယူဆကြသည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်ကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟူ၍ သတ်မှတ်ကျင်းပလေ့ရှိသည်။ အကြတ်နေ့ နှစ်ရက်ဖြစ်သောနှစ်တွင် သင်္ကြန်ပွဲတော်ကာလရှည်လျားပြီး ငါးရက်ထိကြာမြင့်သည်။ သင်္ကြန်ပွဲတော်ကာလပြီး နောက်တစ်ရက်ကို နှစ်ဆန်းတစ်ရက်နေ့ဟု သတ်မှတ်ကာ မင်္ဂလာရှိသော ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။ သင်္ကြန်ပွဲတော်ကာလတွင် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ရေစင်ပက်ဖျန်းကစားခြင်း၊ အိုးစည်ဒိုးပတ်ရိုးရာဂီတဝိုင်းများဖြင့် လှည့်ပတ်သွားလာကခုန်သီကျူးခြင်း၊ သင်္ကြန်မဏ္ဍပ်ကြီးများ ခမ်းနားထည်ဝါစွာဆောက်လုပ်၍ ယိမ်းအကများဖြင့် ကပြအသုံးတော်ခံခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသော မြန်မာ့ရိုးရာစားစရာများကို တပျော်တပါး စုပေါင်းပြုလုပ်ကာ မျှဝေစားသုံးခြင်း၊ လမ်းတွင်းရပ်ကွက်တွင်းသို့ ပေးဝေလှူဒါန်းခြင်းများကို ပြုလုပ်ကြသည်။

မိမိတို့နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မရိပ်သာများ၊ ဓမ္မာရုံများသို့ သွားရောက်ကာ သီတင်းသီလဆောက်တည်ခြင်း၊ တရားဘာဝနာများပွားများခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ ရှင်သာမဏေပြုခြင်းစသော အလှူအတန်းကုသိုလ်ကောင်းမှုများကို မိမိတို့စေတနာအလျောက် ကျင်းပကြသည်။ မြန်မာ့သင်္ကြန်ကား အလှသင်္ကြန်၊ အလာသင်္ကြန်၊ ဒါနသင်္ကြန်ဖြစ်သကဲ့သို့ မကောင်းမှုရှောင် ကောင်းမှုဆောင်သည့် အခါသမယလည်းဖြစ်သည်။

ရှေးမြန်မာအစဉ်အဆက်တို့သည် သင်္ကြန်ပွဲတော်ရက်များအတွင်း၌ ငိုကြွေးပူဆွေးခြင်း၊ မေထုန် သံဝါသပြုခြင်း၊ အသားဟင်းလျာစားသောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ သွေးဖောက်သွေးထုတ်ခြင်း၊ ဆီလိမ်းဆေးလိမ်းခြင်း၊ သစ်ပင်ခုတ်လှဲခြင်း၊ ကုန်ဝယ်ခြင်း၊ ကျီသွင်းသိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဈေးဆိုင်ထွက်ခြင်းတို့ကို ရှောင်ရှားကြသည်။

နှစ်ဆန်းတစ်ရက်နေ့၌မူ ဘုန်းတော်ကြီးများ ပင့်ဖိတ်၍ နှစ်ဦးဆွမ်းကျွေးခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားခြင်း၊ အမျှအတန်းပေးဝေခြင်း၊ မေတ္တာပို့ခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်း၊ လူကြီးမိဘများ၊ ဦးကြီးဦးလေး၊ ဒေါ်ကြီးဒေါ်လေး စသော ဆွေစဉ်မျိုးဆက် အကြီးအကဲများအား ကန်တော့ခြင်း၊ လက်သည်း ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ လူမှုအသုံးအဆောင်ပစ္စည်းများဖြင့် တတ်အားသမျှ လှူဒါန်းပူဇော်ကြသည်။ လူကြီးမိဘများကလည်း မိမိတို့သားသမီးမြေးမြစ်၊ ဆွေမျိုးသားချင်းများအား ကောင်းမြတ်သောဆုများ ပေးကြသည်။ မင်္ဂလာတရားတော်နှင့်အညီ ပြုမူကျင့်ကြံ နေထိုင်သွားကြရန် မှာကြားဆုံးမကြသည်။

ကမ္ဘာတွင် မြန်မာဟုဆိုစမှတ်ပြုလောက်သည်အထိ မြန်မာတို့၏ရိုးရာသင်္ကြန်ပွဲတော်မှာ ကောင်းမြတ်သော ထူးခြားမှုများ ပြည့်ဝလျက်ရှိသည်။ မြန်မာ့ယဉ်ကျေးမှုကို ပီပြင်စွာဖော်ကျူးနိုင်သော ချစ်စဖွယ်မြန်မာရနံ့များ ထုံမွှမ်းလျက်ရှိသည့် ပိတောက်ပွင့်ဖူး လတန်ခူးသည်ကား ပျော်ရွှင်ကြည်နူးဖွယ်၊ နှစ်သက်မြတ်နိုးဖွယ် မင်္ဂလာအပေါင်းခညောင်းသည့် နှစ်ဦးနှစ်စပင်ဖြစ်လေသည်။ ရှေ့ကာလအဖို့တွင် စိတ်သစ်လူသစ် အားမာန်သစ်ဖြင့် မိမိတို့ဘဝများကို ချမ်းမြေ့သာယာစွာ တည်ဆောက်ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပေသည်။ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ။

နှစ်သစ်ကူးရုံးပိတ်ရက် ခရီးသည် ပိုမိုများပြား မော်တော်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲရန်စီစဉ်

မန္တလေး ဧပြီ ၁၀

သင်္ကြန်ကာလ ခရီးသွားလာမှုများသဖြင့် မန္တလေးမြို့ပေါ်ရှိ ယာဉ်လိုင်းအားလုံး Booking များ ပြည့်လျက်ရှိကြောင်း သိရသည်။ တစ်ပတ်ကြိုမှစ၍ Booking များ ပြည့်နေပြီး နှစ်သစ်ကူးရုံးပိတ်ရက်မတိုင်ခင် ၁၀ ရက်အထိ ဖြစ်ကြောင်း၊ ခရီးသည်များ ပိုမိုများလာနိုင်သည့်အတွက် မော်တော်ယာဉ်များ တိုးချဲ့ပြေးဆွဲပေးရန် စီစဉ်နေကြောင်း သိရသည်။ နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် နှစ်စဉ်မပြတ်ခရီးသည်များ များပြားလေ့ရှိရာ ယခုနှစ်တွင် ယာဉ်လိုင်းများ တိုးချဲ့ပြီး ယာဉ်များစွာ တိုးထားသော်လည်း ရုံးပိတ်ရက်များအတွက် လုံလောက်မှုမရှိသေးဟု သိရသည်။ လမ်းခရီးတိုတောင်းမှု ရှိလာခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် အချိန်တိကျမှုရှိခြင်းတို့ကြောင့် မော်တော်ကားဖြင့် သွားလာမှု ယခင်ကထက်ပိုလာခြင်းဖြစ်ကြောင်း မုံရွာ-မန္တလေး ခရီးစဉ်ယာဉ်လိုင်းမှ သိရသည်။

(မျိုးဝင်းထွန်း-မုံရွာ)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသောရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများမပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

နည်းပညာသစ် မြင်ကွင်းသစ်
ORIENT EYEWEARS
အရှေ့တိုင်းမျက်မှန်
ပုံမှန်စစ်ဆေး တိုင်းတာချက်များအပြင် မျက်မှန်ကိုင်းတို့၏ ဆက်သွယ်မှုတိုင်းတာချက်များဖြစ်သော Interpupillary distance vertex distance, pantoscopic tilt နှင့် face form angle တို့ကို တိုင်းတာပေးခြင်းဖြင့် မျက်မှန်တပ်ဆင်သူ၏ မြင်ကွင်း ပြည့်စုံရှင်းလင်းစေရန် ဆောင်ရွက်ပြုလုပ်ပေးနေပါသည်။
၃၆၁၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။ ၀၉-၇၃၀၂၆၅၁၅
၇၂၂၆ ဗိလမ်း၊ (၈၁-လမ်းနှင့် ၈၂-လမ်းကြား)၊ မန္တလေးမြို့။ ၀၉-၄၀၂၅၅၃၃၅၁

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျာမန်ပါလီမန်ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျာမနီနိုင်ငံ ဂျာမန်ပါလီမန်ဒုတိယဥက္ကဋ္ဌ H.E. Dr. Wolfgang Thierse ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးစံထွန်း၊ ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် ဦးမှတ်ကြီး၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍပြုပြင်ပြောင်းလဲ ဆောင်ရွက်ခဲ့မှု၊ လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့မှုနှင့် လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဂျာမနီနိုင်ငံမှ လိုလောက်သော အကူအညီများ ထောက်ပံ့ကူညီရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁၀/၂၀၁၃)
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ရက်)

တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၂-၆-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၂)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ကြည်း ၂၁၀၈၂	(အစား)	ကြည်း၂၄၈၆၁
ဗိုလ်မှူး ကျော်မင်းထွဋ်		ဗိုလ်မှူးအေးဇော်

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံးသစ်ဖွင့်

ရန်ကုန် ဧပြီ ၁၀

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ ရုံးသစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ အဆိုပါ ရုံးအဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** ရုံးအတွင်း ဌာနဆိုင်ရာရုံးခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ ရုံးတွင် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား သက်ဆိုင်ရာဌာနဆိုင်ရာ ၁၄ ခုမှ ဌာနအလိုက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှင်းလင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများကို စိစစ်/လက်ခံခြင်း၊ ပို့ကုန်/သွင်းကုန် လိုင်စင်များ စိစစ်ထုတ်ပေးခြင်း၊ အခွန်ဆိုင်ရာကိစ္စရပ်များ၊ စည်းကြပ်မှုဆိုင်ရာကိစ္စများ၊ အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်ဝင်ခွင့်ဗီဇာရရှိရေး၊ ပြည်တွင်း နေထိုင်ခွင့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ ဗီဇာ သက်တမ်းတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား စိစစ်ဆောင်ရွက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်၍ ဌာနအလိုက် ထုတ်ပေးရမည့် လိုင်စင်များ၊ ခွင့်ပြုမိန့်များ စိစစ်ထုတ်ပေးခြင်း၊ အလုပ်သမားမှတ်ပုံတင်ခွင့်ဆောင်ရွက်ပေးခြင်း၊ နိုင်ငံခြားငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးခြင်း၊ စက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းကိစ္စရပ်များဆောင်ရွက်ပေးခြင်းတို့ကို တစ်နေရာတည်းတွင် One Stop Service ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၁၀

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်လိုကြောင်း လျှောက်ထားလျက်ရှိရာ ဧပြီ ၁၀ ရက်တွင် ဦးအောင်တင် အပါအဝင်ပုဂ္ဂိုလ် ၁၆ ဦးတို့က ကယားလူမျိုးစု ဒီမိုကရေစီပါတီကို တည်ထောင်လိုကြောင်း လာရောက်လျှောက်ထားခဲ့သည်။

ယင်းလျှောက်ထားချက်နှင့်ပတ်သက်ပြီး ပါတီတည်ထောင်လိုသူပုဂ္ဂိုလ်များသည် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ(၄)နှင့် ပုဒ်မ(၆)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ စိစစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာဝန်ကြီးဌာနများထံ မေတ္တာရပ်ခံ ညှိနှိုင်းထားသည်။ **(သတင်းစဉ်)**

နှစ်သစ်ကူးမဟာသင်္ကြန်ရုံးပိတ်ရက် အမြန်ချောပို့လုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၁၀

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန်ရက်များအတွင်း မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ၂၀၁၃ ခုနှစ် ဧပြီ ၁၅ ရက် (တနင်္လာနေ့) နှင့် နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သည့် ဧပြီ ၂၀ ရက် (စနေနေ့)တို့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ စာဝေလုပ်ငန်းနှင့် ကြေးနန်းစာဝေလုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုလည်း နှစ်သစ်ကူး မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့ လုလင်များကို ရေပက်ကစားခြင်းမပြုကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီး အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

၁။ မူးယစ်သောက်စား ယာဉ်မမောင်းရ။
၂။ အပျော်လွန်ကျူး စည်ကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
၃။ မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
၄။ ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
၅။ ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
၆။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
၇။ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်းရ။
၈။ ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့်ပြုပြင်ဆဲယာဉ်များ မမောင်းရ။
၉။ နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
၁၀။ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
၁၁။ ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။
(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ(ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။
(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအားအဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။
(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"
(စ) "ယာဉ်တိုက်မှု ကင်းရှင်းအောင် ဆောင်ရွက်ရန်"။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

တောင်သူလယ်သမားများ၏ဘဝမှာ နိမ့်ကျပြီး ခက်ခဲစွာရုန်းကန်နေကြရ
တောင်သူလယ်သမားများ၏အကျိုးစီးပွားကို ကာကွယ်သောဥပဒေတစ်ရပ် ဖော်ဆောင်မည်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်သူလယ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည်ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည့် တောင်သူလယ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေရေးဆွဲရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများနှင့် ကော်မရှင်များမှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘဏ်များအသင်းနှင့် ပုဂ္ဂလိကဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေး၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ အခြေခံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများသည် Primary Producer များဖြစ်ကြကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ သို့ရာတွင် တောင်သူလယ်သမား၊ မွေးမြူရေးသမားများမှာ လုပ်ငန်းများအဆင်ပြေမှုမရှိဘဲ အကြွေးများကို ပြန်ဆပ်ရန်အတွက်ပင် အခက်အခဲများရှိနေသည်ကို မြင်တွေ့ရကြောင်း၊ ယင်းကိစ္စမှာ တောင်သူလယ်သမား၊ မွေးမြူရေးသမားများ၏ ပြဿနာဟု ထင်ရသော်လည်း နိုင်ငံနှင့်သက်ဆိုင်သောပြဿနာသာဖြစ်ကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းပေးနိုင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၌လည်း တောင်သူလယ်သမား၊ မွေးမြူရေးသမားများကို ကာကွယ်သည့်ဥပဒေများရှိနေကြောင်း၊ စီးပွားရေးနှင့် လူမှုရေးဘဝဖွံ့ဖြိုးတိုးတက်ရန်ပံ့ပိုးမှုများလည်း ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ ကုန်ပစ္စည်းများတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်သောကုန်ပစ္စည်းများအရည်အသွေးရှိရေးအတွက် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကျေးဇူးရှင်တောင်သူလယ်သမားကြီးဟု ဂုဏ်ပြုတင်စားခေါ်ဝေါ်ခဲ့ကြသော်လည်း တောင်သူလယ်သမားများ၏ဘဝမှာ နိမ့်ကျပြီး ခက်ခဲစွာရုန်းကန်နေကြရကြောင်း၊ တောင်သူလယ်သမား၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရန် မိမိတို့တွင်တာဝန်ရှိသကဲ့သို့ နိုင်ငံသားအားလုံးတွင်လည်း တာဝန်ရှိကြောင်း၊ ပြည်သူများသည်လည်း တောင်သူလယ်သမားများဖြစ်ခြင်းကြောင့် ၎င်းတို့ဘဝဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ၏အခြေအနေနှင့် လျော်ညီသော ဥပဒေတစ်ရပ်ကို ရေးဆွဲဖော်ဆောင်မှာဖြစ်သောကြောင့် တက်ရောက်လာကြသည့် အတွေ့အကြုံရှိသူများကလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်သောဥပဒေတစ်ရပ်ကို ဖော်ဆောင်ရမှာဖြစ်ကြောင်း၊ Primary Industry များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် အဓိကအခြေခံကျတဲ့ Primary Industry ဟုသတ်မှတ်ပြီး Primary Industry ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြဋ္ဌာန်းသွားရမှာဖြစ်ကြောင်း၊ Primary Industry က Primary Goods တွေ ထုတ်ပေးရန်ဖြစ်ကြောင်း၊ ထုတ်ပေးနိုင်သည့် အခြေအနေမျိုး၊ အရည်အချင်းမျိုးဖြစ်အောင် ဝိုင်းဝန်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ခေတ်စနစ်နှင့်အညီ ဥပဒေကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ယင်းဥပဒေဖြစ်မြောက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းဖြင့် အကြံပြုဆွေးနွေးပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်သန်းသန်းရီ၊ တောင်သူလယ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌဦးမောင်မောင်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းနှင့် တက်ရောက်လာသူများ၊ အသင်းများက တွေ့ကြုံနေရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုတင်ပြကြသည်။

ဆွေးနွေးအကြံပြုချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြန်လည်ဆွေးနွေးရာတွင် လယ်သမားများအနေဖြင့် ရာသီဥတုဒဏ်ကြောင့် ဆုံးရှုံးမှုများရှိနေသည့်အပြင် ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေများကို ယခုနှစ်အတွင်း ပြန်လည်ပေးအပ်နေမှုများကြောင့် အခက်အခဲများရင်ဆိုင်နေရသည်ကိုလည်း တွေ့မြင်ရကြောင်း၊ လယ်ယာမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလတွင် စိုက်ပျိုးစရိတ်ချေးငွေ ရပ်နားထားမှုများကြောင့် အခက်တွေ့နေမှုများကို ပြေလည်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက်လက်တွေ့လုပ်ကိုင်နေရသည့် ကျွမ်းကျင်သူများအား ကော်မရှင်များတွင် တာဝန်ပေးဖွဲ့စည်းထားကြောင်း၊ ဥပဒေများပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းပြုလုပ်ရန် ရှိနေကြောင်း၊ ဥပဒေများပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်း လုပ်ဆောင်ရန်ကော်မရှင်ကို တာဝန်ပေးအပ်ထားကြောင်း၊ ဥပဒေကို လိုက်နာရန် အားနည်းချက်များအား ဖြေလျှော့ရန်လိုကြောင်း၊ လုပ်ချင်သည်များ အကြောင်းအရာများစွာရှိနေကြပါကြောင်း၊ ယင်းအထဲမှ လုပ်နိုင်သည်များကို လုပ်ပေးရန်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများစိုက်ပျိုးလိုသည့် ဈေးကောင်းရသည့်သီးနှံကို လွတ်လပ်စွာစိုက်ပျိုးခွင့်ပြုရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများက မိမိတို့ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် ကဏ္ဍများကို တာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ စီးပွားရေးမပြေလည်မှုကြောင့် လူမှုရေးအခက်အခဲများရှိနေကြောင်း၊ Primary Industry များကို အားမပေးပါက မိမိတို့လွှတ်တော်တွင်လည်း တာဝန်ရှိလာမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအမြန်ပေါ်ထွက်လာစေရေး တက်ရောက်လာကြသော လွှတ်တော်ကော်မတီများနှင့် ကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အီရန်နျူကလီးယားစက်ရုံအနီး ငလျင်လှုပ်၊ ၃၇ ဦးသေဆုံး

အောင်မင်းစိုး

အီရန်နိုင်ငံအနောက်တောင်ပိုင်း ဘူရှီးယားပြည်နယ် ဘူရှီးယားနျူကလီးယားစက်ရုံအနီးတစ်ဝိုက်တွင် ဧပြီ ၁၀ ရက်က ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်သွားခဲ့ရာ အနည်းဆုံးလူ ၃၇ ဦးသေဆုံးပြီး ၈၅၀ ကျော်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မြေလျင်မှာ အီရန်နိုင်ငံတောင်ပိုင်းရှိ အီရန်နိုင်ငံ၏ တစ်ခုတည်းသော နျူကလီးယားစက်ရုံဘူရှီးယားတည်ရှိရာနှင့် ကီလိုမီတာ ၉၀ (မိုင် ၆၀)အကွာတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။

နျူကလီးယားစက်ရုံအနီး လှုပ်ခတ်သွားခြင်းဖြစ်သော်လည်း နျူကလီးယားစက်ရုံထိခိုက်ပျက်စီးခြင်းမရှိဘဲ ပုံမှန်အတိုင်း လည်ပတ်လျက်ရှိကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မြေလျင်သည် ဒူဘိုင်း၊ အဘူဒါဘီနှင့် ဘာရိန်းနိုင်ငံတို့အထိ ရိုက်ခတ်သွားသည်ဟု ဆိုသည်။

ဘူရှီးယားပြည်နယ်အုပ်ချုပ်ရေးမှူးက လူ ၇၅၀ ခန့် အသေးစားဒဏ်ရာများရရှိခဲ့ပြီး အခြားဒဏ်ရာ ပြင်းထန်သူများကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း၊ ငလျင်ဒဏ်ကျရောက်သည့်ဒေသတွင် ရွာပေါင်း ၅၀ ကျော်ရှိပြီး လူဦးရေတစ်သိန်းခန့်နေထိုင်လျက်ရှိကြောင်း၊ ရွာနှစ်ရွာမှာ လုံးဝပျက်စီးသွားကြောင်း၊ အိမ်ခြေ ၇၀၀ ကျော် ပျက်စီးဆုံးရှုံးပြီး မိသားစု ၂၀၀ ခန့် ထိခိုက်နစ်နာစေခဲ့ကြောင်း အီရန်ရုပ်သံသို့ ပြောကြားသည်။

အီရန်နိုင်ငံသည် ငလျင်ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေပြီး ၂၀၀၃ ခုနှစ်က အီရန်နိုင်ငံဘမ်းမြို့တွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် လူပေါင်း ၂၅၀၀၀ ကျော် သေဆုံးခဲ့ရသည်။

ဘီဘီစီ။

☆ ကျောဖုံးမှ
ဂေဟာစနစ် စနစ်တကျထိန်းသိမ်းမှုကို ပေါ်လွင်စေ
အားကစားပွဲ၊ အားကစားနေရာခင်းများ သန့်ရှင်
စိတ်ဓာတ်ဖြင့် သန့်ရှင်းစွာယှဉ်ပြိုင်မှုနှင့် ပြည့်စုံသ
အားကစားပွဲ၊ အာဆီယံနိုင်ငံများအကြား နားလည်
ခိုင်မာစေမည့် ယဉ်ကျေးမှုများ ပေါင်းကူးဖလှယ်နိုင်သ
သော အားကစားပွဲ (Green, Clean and Friendship
အဖြစ် ကျင်းပနိုင်ရေး လမ်းညွှန်မှုများရှိပြီးဖြစ်ပါကြေ
ပြိုင်ပွဲကြီးတွင် အောင်မြင်မှုသုံးရပ်ကို မျှော်မှန်းထားပါ
ပြိုင်ပွဲကြီး ပြည့်စုံကောင်းမွန်စွာ ကျင်းပနိုင်သည့် အေ
ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိသည့် အားက
စီးပွားရေးအရ အောင်မြင်မှုတို့ဖြစ်ပါကြောင်း၊ အားကစ
ကျင်းပနိုင်ရေးအတွက် ဖန်တီးမှုနှင့်တီထွင်ဆန်းသစ်မှ
မြှင့်တင်ရေးနှင့် လှုံ့ဆော်ရေးလှုပ်ရှားမှုများ၊ အားကစားသ
အားပေးသူ ပရိသတ်များအတွက်ပါ ဘေးကင်းလုံခြုံ၍
ရှိသော ပေမိ ဒေါက်မီ စံချိန်မီ အားကစားနေရာထိုင်
အတွက် လွယ်ကူအဆင်ပြေစေသော ဝန်ဆောင်မှုလ
ကြောင်း၊ ထို့အပြင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားသည်လ
မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာ
ခင်းကျင်းပြသနိုင်သည့် စင်မြင့်ဖြစ်၍ ယဉ်ကျေးမှုနှ
မြောက်စွာ ပေါင်းစည်းပေးနိုင်ရန် ကြိုးပမ်းသွားကြစေလိ
အောင်မြင်မှုနှင့်ပတ်သက်၍ အိမ်ရှင်အဖြစ် လက်ခံက
သည် ဆုတံဆိပ်အများဆုံးရရှိရန် မျှော်လင့်တတ်ကြ
အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားပေးမှုများဖြင့်
သွားကြရန် အားကစားမောင်မယ်များ အသင့်ဖြစ်နေ
သန့်ရှင်းသော အားကစားပွဲဖြစ်ရေး လမ်းညွှန်မှုအတိုင်း
ယှဉ်ပြိုင်၍ အနိုင်ယူခြင်းဖြစ်ရန်လိုကြောင်း၊ အားက
ပွဲစဉ်များ ရွေးချယ်သတ်မှတ်ရာတွင်လည်း အဖွဲ့ဝင်နိုင်
သားအိုလံပစ်ကောင်စီများနှင့် အကျေအလည် ညှိနှိ
တကာကျင့်စဉ်များနှင့် အညီအညွတ်ဖြစ်ရန်လိုကြောင်း၊
နှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ပြီး နိုင်ငံ
အခွင့်အလမ်းကောင်းအဖြစ် အသုံးချသွားရန်ဖြစ်
စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစား အ
လုပ်ငန်းများကိုမြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းသွားရန်ဖြ
တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုလက်ရာ ထုတ်ကု
သတင်းပြန်ကြားရေးနှင့်အတိုင်ပင်ခံဝန်ဆောင်မှု၊ ဘ
ပို့ဆောင်ရေးဆက်သွယ်ရေးဝန်ဆောင်မှု၊ ဟိုတယ်နှင့်
လုပ်ငန်းများမှ အကျိုးဖြစ်ထွန်းမှုများရရှိအောင်
ဖြစ်ကြောင်း မှာကြားခဲ့သည်။
ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ
ဦးတင့်ဆန်းက ကော်မတီအလိုက် ဦးစီးကော်မတီ
လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊
အားကစားရုံနှင့်အားကစားကွင်းများ တည်ဆော
အားကစားသမားများ တည်းခိုနေထိုင်မည့် အားက
ပြီးစီးမှု၊ SEA Games အကြို အားကစားပြိုင်ပွဲများကျ
အားကစားသမားများ လေ့ကျင့်သင်ကြားပေးမှုမျာ
ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌမျာ
က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြ
ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြ
ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အား
က ၂၀၁၄ ခုနှစ် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူ
ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး
သူများက လုပ်ငန်းလိုအပ်ချက်များကို အကြံပြ
သည်။

ယခုနှစ် မိတ္ထီလာသင်္ကြန် ဗဟိုမ
ရေကစားခြင်းရပ်ဆိုင

မိတ္ထီလာ မေ ၁၀

မိတ္ထီလာမြို့တွင် နှစ်စဉ်ကျင်းပလေ့ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ဗဟိုရေကစားမဏ္ဍပ်၊ စက်ကြီးဆည်မြောင်းမဏ္ဍပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရေကစားမဏ္ဍပ်၊ ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များဖြင့် စည်ကားစွာ ကျင်းပခဲ့သည်။ ထို့အပြင် ရပ်ကွက် ၁၄ ရပ်ကွက်မှ ယိမ်းအကများဖြင့် ညစဉ်ညတိုင်း ဖျော်ဖြေကပြ ယှဉ်ပြိုင်ခဲ့သည်။ ထို့အပြင် တပ်နယ်တပ်ရင်းများက

လည်း ယိမ်း
ဖျော်ဖြေခဲ့ကြ
ယခုနှစ် မြန်မာ့
တော်ကို မြို့၏
အရ မဏ္ဍပ်မ
ခြင်းများပြုလုပ်
ကြောင်း သိရ



☆ ကျော့ဖုံးမှ

ဂေဟာစနစ် စနစ်တကျထိန်းသိမ်းမှုကို ပေါ်လွင်စေသည့် အစိမ်းရောင် အားကစားပွဲ၊ အားကစားနေရာခင်းများ သန့်ရှင်းမှုနှင့် အားကစား စိတ်ဓာတ်ဖြင့် သန့်ရှင်းစွာယှဉ်ပြိုင်မှုနှင့် ပြည့်စုံသည့် သန့်ရှင်းသော အားကစားပွဲ၊ အာဆီယံနိုင်ငံများအကြား နားလည်ယုံကြည်ချစ်ခင်မှု ပိုမို ခိုင်မာစေမည့် ယဉ်ကျေးမှုများ ပေါင်းကူးဖလှယ်နိုင်သည့် ချစ်ကြည်ရင်းနှီး သော အားကစားပွဲ (Green, Clean and Friendship Through Games) အဖြစ် ကျင်းပနိုင်ရေး လမ်းညွှန်မှုများရှိပြီးဖြစ်ပါကြောင်း၊ ဤအားကစား ပြိုင်ပွဲကြီးတွင် အောင်မြင်မှုသုံးရပ်ကို မျှော်မှန်းထားပါကြောင်း၊ အားကစား ပြိုင်ပွဲကြီး ပြည့်စုံကောင်းမွန်စွာ ကျင်းပနိုင်သည့် အောင်မြင်မှု၊ အားကစား ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိသည့် အားကစားအောင်မြင်မှုနှင့် စီးပွားရေးအရ အောင်မြင်မှုတို့ဖြစ်ပါကြောင်း၊ အားကစားပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖန်တီးမှုနှင့်တီထွင်ဆန်းသစ်မှုရှိသော အားကစား မြှင့်တင်ရေးနှင့် လှုံ့ဆော်ရေးလှုပ်ရှားမှုများ၊ အားကစားသမားများအတွက်ရော အားပေးသူ ပရိသတ်များအတွက်ပါ ဘေးကင်းလုံခြုံ၍ သက်သောင့်သက်သာ ရှိသော ပေမီ ဒေါက်မီ စံချိန်မီ အားကစားနေရာထိုင်ခင်းများ၊ အသုံးပြုသူ အတွက် လွယ်ကူအဆင်ပြေစေသော ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်ပါ ကြောင်း၊ ထို့အပြင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားသည်လည်း ကြွယ်ဝလှသော မြန်မာတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာဓလေ့ထုံးတမ်းများကို ခင်းကျင်းပြသနိုင်သည့် စင်မြင့်ဖြစ်၍ ယဉ်ကျေးမှုနှင့် အားကစားကို ရသ မြောက်စွာ ပေါင်းစည်းပေးနိုင်ရန် ကြိုးပမ်းသွားကြစေလိုကြောင်း၊ အားကစား အောင်မြင်မှုနှင့်ပတ်သက်၍ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံတိုင်း သည် ဆုတံဆိပ်အများဆုံးရရှိရန် မျှော်လင့်တတ်ကြပါကြောင်း၊ ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူလူထုအားပေးမှုများဖြင့် အစွမ်းကုန်ယှဉ်ပြိုင် သွားကြရန် အားကစားမောင်မယ်များ အသင့်ဖြစ်နေရန်လိုအပ်ကြောင်း၊ သန့်ရှင်းသော အားကစားပွဲဖြစ်ရေး လမ်းညွှန်မှုအတိုင်း တရားမျှတ သန့်ရှင်းစွာ ယှဉ်ပြိုင်၍ အနိုင်ယူခြင်းဖြစ်ရန်လိုကြောင်း၊ အားကစားအမျိုးအစားနှင့် ပွဲစဉ်များ ရွေးချယ်သတ်မှတ်ရာတွင်လည်း အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အမျိုး သားအိုလံပစ်ကောင်စီများနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံ တကာကျင့်စဉ်များနှင့် အညီအညွတ်ဖြစ်ရန်လိုကြောင်း၊ စီးပွားရေးအောင်မြင်မှု နှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ပြီး နိုင်ငံစီးပွားရေးမြှင့်တင်ရန် အခွင့်အလမ်းကောင်းအဖြစ် အသုံးချသွားရန်ဖြစ်ကြောင်း၊ ဒေသန္တရ စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများကိုမြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းသွားရန်ဖြစ်ပါကြောင်း၊ မြန်မာ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုလက်ရာ ထုတ်ကုန်ပစ္စည်းများ ဖြန့်ချိမှု၊ သတင်းပြန်ကြားရေးနှင့်အတိုင်ပင်ခံဝန်ဆောင်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ပို့ဆောင်ရေးဆက်သွယ်ရေးဝန်ဆောင်မှု၊ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများမှ အကျိုးဖြစ်ထွန်းမှုများရရှိအောင် ကြိုးပမ်းသွားကြရန် ဖြစ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ကော်မတီအလိုက် ဦးစီးကော်မတီနာယက၏ လုပ်ငန်း လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ပြိုင်ပွဲများကျင်းပမည့် အားကစားရုံနှင့် အားကစားကွင်းများ တည်ဆောက်ပြီးစီးမှု၊ ပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုနေထိုင်မည့် အားကစားရွာ တည်ဆောက် ပြီးစီးမှု၊ SEA Games အကြို အားကစားပြိုင်ပွဲများကျင်းပခဲ့မှုနှင့် ပြိုင်ပွဲဝင် အားကစားသမားများ လေ့ကျင့်သင်ကြားပေးမှုများကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ က ၂၀၁၄ ခုနှစ် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြ သူများက လုပ်ငန်းလိုအပ်ချက်များကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြ သည်။

(သတင်းစဉ်)

တရားဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးကြီး

နေပြည်တော်   မေ   ၁၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး လေ့ကျင့်ဌာန၌ ကျင်းပသည့် ခရိုင်အဆင့်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အားစိုက်ပြုလုပ်လျက်ရှိရာ အောင်မြင်မှုများရရှိနေသကဲ့သို့ အခက်အခဲ စိန်ခေါ်မှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် တရားဥပဒေစိုးမိုးမှုရှိမှသာ အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး အောင်မြင်မှုများ ရေရှည်တည်တံ့မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အတွက် မရှိမဖြစ် အရေးကြီးကြောင်း၊ မိမိတို့ တရားစီရင်ရေး သည် တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထားသော တရားစီရင်ရေးဖြစ်ရန် လိုအပ်ကြောင်း၊ မိမိတို့၏ တရားစီရင်ရေးကို ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲရာတွင် ဥပဒေနှင့် အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွတ်လပ်စွာ တရားစီရင်ခြင်းမူ နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အမှုများကို စီရင်ဆုံးဖြတ်ရာတွင်လည်း ဩဇာအာဏာရှိသူ၊ အရှိန်အဝါရှိသူတို့မှ ဝင်ရောက်စွက်ဖက်ခြင်းကို လက်မခံဘဲ ပြည်သူ့အကျိုးအတွက် ဖြောင့်မတ် မှန်ကန်စွာ ဥပဒေနှင့်အညီ စီရင်ရန်နှင့် ဖြစ်မှုနှင့်ဖြစ်ဒဏ် ညီညွတ်မျှတစွာ စီရင်ဆုံးဖြတ်ကြရန် လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ် တရားလွှတ်တော်များသာမက ခရိုင်အဆင့်တရားရုံးများနှင့် မြို့နယ်အဆင့် တရားရုံး များအားလုံး ပါဝင်ရန်လိုအပ်ကြောင်း၊ ခရိုင်အဆင့် တရားရုံးများသည် မူလမှုခင်းများကို စစ်ဆေး စီရင်ရသကဲ့သို့ မြို့နယ်အဆင့်တရားရုံးများ၏ စီရင်ချက်၊ အမိန့်များအပေါ် အယူခံမှုနှင့် ပြင်ဆင်မှု များကိုလည်း စစ်ဆေးစီရင်ရသဖြင့် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေရကြောင်း၊ ခရိုင်အဆင့် တရားသူကြီးများအနေဖြင့် ဥပဒေပညာရပ်ဆိုင်ရာ အရည်အသွေးမြင့်မားရန်၊ စိတ်ဓာတ်နှင့်ခံယူချက် မှန်ကန်ရန်၊ နိုင်ငံနှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရန်၊ အမှန် တရားနှင့် တရားမျှတမှုကို ရှာဖွေရာတွင် အစွမ်းရှိသမျှ အားထုတ်ဆောင်ရွက်ကြစေလိုကြောင်း ဖြင့် မှာကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ချုပ်နှင့် တရားသူကြီးများ တက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး တရား လွှတ်တော်၌ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးရာအရာရှိများနှင့် တွေ့ဆုံ၍ တရားစီရင်ရေး ဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆော်ဒီကီးရားရေကျော်ဗလီမီးလောင်မှုနှင့် စပ်လျဉ်း၍ စာနယ်ဇင်းများအား ရှင်းလင်းပွဲကျင်းပ

စုံစမ်းစစ်ဆေးရေးအဖွဲ့ ၏ အသေးစိတ်စစ်ဆေးချက်အရ မီးအားမြှင့်စက်အပူရှိန်လွန်ကဲရာမှ မီးစလောင်ခြင်းဖြစ်

ရန်ကုန်   မေ   ၁၀

ဆော်ဒီကီးရားရေကျော်ဗလီမီးလောင်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေး ရေးအဖွဲ့၏ စုံစမ်းစစ်ဆေးချက်များကို စာနယ်ဇင်းများအား ရှင်းလင်းပွဲကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ (၃)၌ ကျင်းပသည်။(ယာပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဆိုပါ မီးလောင်မှုနှင့်စပ်လျဉ်း၍ မေ ၂ ရက် နံနက် ၁၀ နာရီတွင် ကနဦး ရှင်းပြခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် မီးအားမြှင့်စက် အပူရှိန်မြင့်တက် ပြီး မီးလောင်ခြင်းဖြစ်သည်ကို ထပ်မံ ရှင်းလင်း ပြောကြားခဲ့ကြောင်း၊ သံသယရှိနေသည့် ဒီဇယ်ဆီဆွတ် ထားသော မီးလောင်ထားသည့် စောင်အဝတ်စုတ်များသည် အပြင်မှ ပစ်ချသည့် အမျိုးသမီးအဝတ်စများ ဖြစ်သည်ဟူသော ထင်မြင်ယူဆချက် များကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ အသေးစိတ်စုံစမ်းချက် များအရနှင့် ဗလီမှ ကလေးများ၏ ထွက်ဆိုချက်များအရ အသေးစိတ် သိရသည်မှာ မီးအားမြှင့်စက် အပူ ရှိန်လွန်ကဲရာမှ စလောင်ခြင်းဖြစ် ကြောင်း၊ ဒီဇယ်ဆီများသည် မီးမလာ လျှင် မီးစက်အတွက် သုံးရန်ထား သည့် ဒီဇယ်ဆီများဖြစ်ကြောင်း၊ မီးလောင်ရာတွင် တွေ့ရှိရသည့် ဒီဇယ်များပေကျံနေသော အဝတ်စ များသည် ကလေးများ၏ ခေါင်းအုံး စွပ်များ၊ ယောက်ျားလေးရှပ်အင်္ကျီ များဖြစ်ကြောင်း၊ စောင်ကလည်း ရေဆွတ်ပြီး မီးငြိမ်းသတ်ထားသည့် စောင်ဖြစ်ပြီး ဒီဇယ်အနံ့များလည်း ရကြောင်း၊ စောင်မှာ ကလေးများ ခြုံသည့်စောင်ဖြစ်ပြီး စောင်များမှာ တူနေသည့်အတွက် ပိုင်ရှင်မသိ ရကြောင်း၊ မီးစက်တွင်အသုံးပြုသည့် ဒီဇယ်ဆီများဖြစ်ကြောင်း အကြမ်း ဖျင်း လက်ခံထားကြကြောင်း။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အသေး စိတ်စစ်ဆေးချက်အရ မီးအား မြှင့်စက် အပူရှိန်လွန်ကဲရာမှ မီးစလောင်ခြင်းဖြစ်ကြောင်း၊ နည်း ပညာပိုင်းဆိုင်ရာ တွေ့ရှိချက်အရ မီးအားမြှင့်စက်မှ မီးအားမြှင့်လာပြီး ရှော့ခ်ဖြစ်၍ လောင်ခြင်းဖြစ် ကြောင်း၊(၁၃)နှစ်နှင့် (၁၆)နှစ်အတွင်း ကလေးများမှာ ထပ်ခိုးတွင်အိပ်ပြီး ၁၆ ဦးအနက် ကလေးသုံးဦးမှာ လွတ်ပြီး ၁၃ ဦး သေဆုံးသွားရ ကြောင်း၊ အစ္စလာမ်ဘာသာရေးအဖွဲ့ ငါးဖွဲ့ကိုလည်း စုံစမ်းတွေ့ရှိချက်များ၊ ကလေးများ၏ ထွက်ဆိုချက်များ၊ ဗလီဆရာနှစ်ဦး၏ ထွက်ဆိုချက်များ၊ မော်လဝီအဖွဲ့ချုပ်မှ ဦးရဲနောင်သိန်း၏ နောက်ဆုံးထွက်ဆိုချက်များအရ မီးအားမြှင့်စက် Voltage မြင့်တက် ပြီး အပူရှိန်လွန်ကဲရာမှ ရှော့ခ်ဖြစ် ကာ လောင်ကျွမ်းရခြင်းဖြစ်ကြောင်း ကို ရှင်းပြပြီးဖြစ်ကြောင်း၊ အစ္စလာမ် ဘာသာရေးအဖွဲ့ ငါးဖွဲ့ကလည်း ရှင်းပြချက်ကို လက်ခံကြောင်း၊ မီးပေါ့ဆသည့် ဗလီဆရာနှစ်ဦးကို လည်း တရားဥပဒေအရ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဗလီ ကျောင်းဆရာ ဦးဇေယျာဖြိုးကလည်း ဖြစ်ဖြစ်ချင်း ရိုးသားစွာဝန်ခံသင့် ကြောင်း၊ ထင်ယောင်မြင်ယောင် ဖြစ်အောင် ပြောလိုက်သည့်အတွက် အထင်အမြင် လွဲမှားစရာများ ဖြစ်လာကြောင်း၊ စုံစမ်းစစ်ဆေးရေး အဖွဲ့၏ ဖော်ထုတ်ချက်များကို သက်ဆိုင်ရာ ဘာသာရေးအဖွဲ့ငါးဖွဲ့ နှင့် ကလေးမိဘများကလည်း လက်ခံသွားကြောင်း၊ ယခုလိုရှင်းပြ လိုက်သည့်အတွက် တိုင်းပြည် အတွင်း တစ်ဦးနှင့်တစ်ဦး ချစ်ချစ် ခင်ခင်ညီညီညွတ်ညွတ်နှင့် အရှည် သဖြင့်ငြိမ်းချမ်းစွာ အတူတကွ နေထိုင်သွားနိုင်မည်ဖြစ်ကြောင်း၊ ယခင်ကတည်းက ငြိမ်းငြိမ်းချမ်းချမ်း နှင့်ဘာသာပေါင်းစုံ စည်းလုံးစွာ နေထိုင်လာခဲ့သည့်အတွက် တစ်ဦးနှင့် တစ်ဦး ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေ ဆိုသကဲ့သို့ ချစ်ချစ်ခင်ခင် နှင့် သံသယကင်းစွာ နေထိုင်သွား နိုင်ရန်အတွက် ယခုလိုအမြန်ဆုံး စုံစမ်းစစ်ဆေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သိန်းက စုံစမ်းစစ်ဆေးရေး အဖွဲ့၏ စုံစမ်းစစ်ဆေးချက်များ အစီရင်ခံစာကို ဖတ်ကြားသည်။

ယင်းနောက် တက်ရောက်လာ ကြသော မီဒီယာများ၏ မေးမြန်း ချက်များကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားကြသည်။

(သတင်းစဉ်)

တာဝန်ရှိသူများက သက်သေခံပစ္စည်းများအား ရှင်းလင်းပြသစဉ်။
(သတင်းစဉ်)

❖ အဆင့်မြှင့်တင်မှု

ထို့ပြင် အလှဆင်မီးဆိုင်းများ၊ ဟိုင်းမတ်မီးများ၊ စတီးလ်ထိုင်ခုံများ၊ အရိပ်ရ မဟော်ဂနီပင်နှင့် ခရေပင်များ၊ ရာသီပန်းများဖြင့် ပန်းအလှဆင် သွားမည့်အပြင် ပန်းခြံထဲရှိ လွတ်လပ်ရေးကျောက်တိုင်ကိုလည်း နှစ်ရှည်ခံ အဆင့်မြင့်ပလတ်စတစ်ပိတ် သုတ်ဆေးများသုတ်ထားသည်ဟု သိရ သည်။

၎င်းပန်းခြံကို အကြီးစားပြင်ဆင်မှုမပြုလုပ်သည်မှာ ၁၀ နှစ်ကျော် လောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ မြို့ပြပန်းခြံအားလုံးကို အဆင့်မြှင့်တင်သွားဖွယ်ရှိကြောင်း သိရသည်။

ယခုနှစ် မိတ္ထီလာသင်္ကြန် ဗဟိုမဏ္ဍပ်ထိုး၍ ရေကစားခြင်းရပ်ဆိုင်း

မိတ္ထီလာ   မေ   ၁၀

မိတ္ထီလာမြို့တွင် နှစ်စဉ်ကျင်းပ လေ့ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဗဟို ရေကစားမဏ္ဍပ်၊ စက်ကြီး ဆည်မြောင်းမဏ္ဍပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရေကစားမဏ္ဍပ်၊ ရပ်ကွက် အလိုက် ရေကစားမဏ္ဍပ်များဖြင့် စည်ကားစွာ ကျင်းပခဲ့သည်။ ထို့အပြင် ရပ်ကွက် ၁၄ ရပ်ကွက်မှ ယိမ်းအကများဖြင့် ညစဉ်ညတိုင်း ဖျော်ဖြေကပြ ယှဉ်ပြိုင်ခဲ့သည်။ ထို့အပြင် တပ်နယ်တပ်ရင်းများက လည်း ယိမ်းအကများဖြင့် ကပြ ဖျော်ဖြေခဲ့ကြသည်။ သို့သော် ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲ တော်ကို မြို့၏လုံခြုံရေးအခြေအနေ အရ မဏ္ဍပ်များထိုး၍ ရေကစား ခြင်းများပြုလုပ်တော့မည် မဟုတ် ကြောင်း သိရသည်။

(တင်လှိုင်-မိတ္ထီလာ)

မီး သတိပြု

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁–၅–၂၀၁၃ (ကြာသပတေးနေ့)

၇း၀၃	တရားတော်	၆း၃၅	ကာတွန်းအစီအစဉ်
၇း၁၅	ဓမ္မပူဇာတေး		-အာကာသသူရဲကောင်းလေးများ (အပိုင်း-၈၉)
၇း၅၅	မြန်မာသင်္ကြန်		
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း	၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၄း၀၈	မျိုးချစ်တပ်မတော်		-နိုင်ငံတကာသတင်း
၄း၂၅	ချစ်သူစုံတွဲတူယှဉ်နွဲ့		-မိုးလေဝသသတင်း
၆း၁၅	ထူးဆန်းထွေလာမျက်လှည့်ပညာ		-ဘယ်သူကိုယ့်လောက်သိလဲ

ရုပ်သံလုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်လာနိုင်ရန် Flyaway စက်ကြီးများတပ်ဆင်

မန္တလေး မေ ၁၀

မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံတွင် ရိုက်ကူးပြီး မြန်မာ့ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ရန်ရှိသော ရုပ်သံဖိုင်များကို ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ တည်းဖြတ်၊ ထုတ်လွှင့်ရာနေပြည်တော် (တပ်ကုန်း)သို့ ပို့ဆောင်နိုင်ရန် (Flyaway)စက်ကြီးကို မြန်မာ့ရုပ်ရှင်လုပ်ငန်း (အထက်မြန်မာနိုင်ငံ) ရုံးဝင်းအတွင်း၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇုန်နယ်မှူး ဦးစိန်ဦးနှင့် အဖွဲ့မှ တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။(ဓါတ်ပုံ)

ယခုတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိသော (Flyaway) စက်ကြီးကို ယာယီသာအသုံးပြုမည်ဖြစ်ပြီး အမြဲတမ်းဆောင်ရွက်ပေးနိုင်ရန် အဆိုပါဝင်းအတွင်းတွင် V-Set ရုပ်သံလွှင့်စက်ကြီးကို စတင်တပ်ဆင်လျက်ရှိရာ ယခုနှစ်သကြံန်ကာလမတိုင်မီ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခင်က မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံမှ ရိုက်ကူးသောရုပ်သံဖိုင်များကို နေပြည်တော် (တပ်ကုန်း) သို့ ပို့ဆောင်လိုပါက အဝေးပြေးကားဂိတ်များမှလည်းကောင်း၊ လေကြောင်းခရီးဖြင့် ရန်ကုန်သို့ပို့ဆောင်ပြီး ရန်ကုန်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှလည်းကောင်း ပို့ဆောင်ပေးရသည်။ "အခုလို စက်ကြီးတွေအသုံးပြုလာနိုင်တဲ့အတွက် ရုပ်သံလုပ်ငန်းတွေ ပိုမိုလျင်မြန်စွာဆောင်ရွက်လာနိုင်ပြီး မိမိတို့လုပ်ကိုင်နေတဲ့ မီဒီယာလုပ်ငန်းတွေ ပိုမိုသွက်လက်လာမည်ဖြစ်ကြောင်း" ဇုန်နယ်မှူး ဦးစိန်ဦး က ပြောသည်။

အေးမြ(ကိုယ်ပွား-မန္တလေး)

မီးလောင်လျှင် ရုပ်ကြည့်ထင်ကြေးပြောသူ များပြား မီးငြှိမ်းသတ်သူများအနေဖြင့် အခက်တွေ့ကြုံရမှုများရှိလာ

မုံရွာ မေ ၁၀

တစ်နေရာရာတွင် မီးလောင်ပြီဆိုလျှင် အဓိကကျသည့် မီးသတ်ယာဉ်နှင့်တာဝန်ရှိသူများထက် ဆောလျင်စွာရောက်ရှိနေကြသူများမှာ မီးလောင်သတင်းကြား၍ အရပ်လေးမျက်နှာမှရောက်ရှိလာသော "ရုပ်ကြည့်ထင်ကြေးပြော"သူများသာ ဖြစ်ကြောင်း၊ အမှန်တကယ်ရေပက်ငြှိမ်းသတ်မည့် သူများအနေဖြင့် မီးလောင်ရာသို့ အဆိုပါ "ရုပ်ကြည့်ထင်ကြေးပြော"သူများကို အတော်ပင်ရှောင်ရှားတိမ်းကွင်း၍ ရောက်အောင်လာရမှုများရှိသလို အမှန်တကယ်ငြှိမ်းသတ်မည့် မီးသတ်ကား မီးလောင်ရာသို့ဝင်ရန် လမ်းပင်မရှိတော့လောက်အောင် အရံအတားပိတ်ဆို့မှုများဖြင့် အများဆုံးကြုံတတ်လေ့ရှိရာ မီးအမြန်ငြိမ်းစေရေးအတွက် အကျိုးမရှိ ရုပ်ကြည့်သူများအနေဖြင့် ကိုယ့်အသိစိတ်ဓာတ်ရှိရှိဖြင့် ဝင်ရောက်ကူညီငြှိမ်းသတ်ခြင်း (သို့မဟုတ်) ကူညီလမ်းရှင်းပေးခြင်းများကို ဆောင်ရွက်သင့်ကြောင်း မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာပုဂ္ဂိုလ်များက အကြံပြုထားသည်။ မီးလောင်မှုဖြစ်ပွားလျှင် အမှန်တကယ် အကူအညီပေးလိုသူများ လာရောက်ခြင်းများရှိသလို မီးလောင်သည်ကို အခွင့်ကောင်းယူ၍ ပစ္စည်းယူပြေးခြင်းများလည်းရှိတတ်ရာ ဒေသအာဏာပိုင်များနှင့် လုံခြုံရေးတာဝန်ရှိသူများအနေဖြင့် အများအယွင်း၊ အတိမ်းအစောင်းမရှိစေရန် ဆောင်ရွက်ကြရသလို များပြားလှသောလူအုပ်ထဲမှ လူတစ်ဦးချင်းစီ ထိခိုက်အနာတရ မဖြစ်ပေါ်စေရန်အတွက် ဂရုပြုဆောင်ရွက်ကြရကြောင်း သိရသည်။

"မီးလောင်ပြီလို့ သတင်းရရချင်း ဘာအလုပ်တွေရှိရှိ ကျွန်တော်တို့အဖွဲ့က တာဝန်အရပြေးရတော့တာပဲ၊ မုံရွာမှာ တစ်နေရာရာ မီးလောင်ရင် ဘာမှမဟုတ်ဘဲ ဆိုင်ကယ်တွေ တရကြမ်းစီးပြီး သွားကြည့်ကြတဲ့သူကများလှပါတယ်၊ ရုပ်ကြည့်နေတဲ့လူအုပ်ကြီးကို မနည်းတိုးဝှေ့ပြီး ကားပါရင် ဖြည်းဖြည်းလေးလိပ်သွားသွားမောင်းရတဲ့အဖြစ် အမြဲကြုံတွေ့ရပါတယ်၊ အမှန်က မီးလောင်တဲ့နေရာမှာ ရှေ့ကနေပိတ်ဆို့ပြီး ရုပ်နေမယ့်အစား ကိုယ်တတ်နိုင်သလောက်တော့ ကူညီမှသာ မီးဘေးဒုက္ခသည်တွေအတွက် ကူညီရာရောက်မှာ ဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မျိုးဝင်းထွန်း (မုံရွာ)

မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသ

တွံတေး မေ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်များရှိမျက်စိဝေဒနာရှင်များအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မျက်စိအခမဲ့ဆေးကုသခြင်းအခမ်းအနားကို မေ ၈ ရက် နံနက် ၈ နာရီက တွံတေးမြို့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပခဲ့သည်။

မျက်စိဝေဒနာရှင်များအား ကုသရာတွင် ခွဲစိတ်ရန်လိုအပ်သည့် ဝေဒနာရှင် ၃၀နှင့် ကျန်ဝေဒနာရှင်များအား အထွေထွေမျက်စိရောဂါကုသပေးခဲ့သည်။ မျက်မှန်နှင့် ဆေးကုသခြင်း စရိတ်များကို တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကျခံလှူဒါန်းပေးခဲ့ သည်။

ပြည်သူအခြေပြု ကျန်းမာရေးဖော်ဆောင်မှုနှင့် စပ်လျဉ်း၍ ဆရာဝန်ကြီး ဒေါက်တာမေမာလာက ကုသမှုအတွေ့အကြုံ ပြောကြားရာတွင် အခြေခံလက်လုပ်လက်စားအများစုဖြစ်သည်ကို တွေ့ရကြောင်း၊ စမ်းသပ်ကုသမှုပြုသည့် နေရာ (မြို့နယ်)များတွင် ကုသမှုဆိုင်ရာ ပစ္စည်း၊ ခွဲစိတ်ကိရိယာ၊ ခွဲစိတ်ခန်းများ မရှိသည့်အတွက် တစ်ခါတည်း မဆောင်ရွက်နိုင်ကြောင်း၊ မျက်စိဆေးရုံသို့ လာရောက်ခွဲစိတ်ရန်အတွက် ရက်ချိန်းပေးညွှန်ကြားခဲ့ကြောင်း၊ စောင့်ရသည့်အချိန်ကြန့်ကြာမှုများကို အကြောင်းပြု၍ ဝန်ထုပ်ဝန်ပိုးသဖွယ် မှတ်ယူကြပြီး ခွဲစိတ်ကုသမှု လာရောက်မခံယူကြကြောင်း၊ ပစ္စည်း၊ ကိရိယာ၊ ခွဲစိတ်ခန်းရှိပါက တစ်ခါတည်းခွဲစိတ်ပေးနိုင်မှာဖြစ်ကြောင်း ရှင်းပြသည်။

မျက်စိဝေဒနာရှင်တစ်ဦးမှလည်း "အခုလို ကျွန်တော်တို့မြို့အထိ လာရောက်ကုသပေးလို့ မျက်စိဆရာဝန်ကြီးနှင့် အဖွဲ့ကိုရော စီစဉ်ပေးကြသူအားလုံးကိုပါ အထူးပင်ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ပြည်သူ့အကျိုးကိုရှေးရှု၍ အခြေပြုဆောင်ရွက်ခဲ့သည့် မျက်စိရောဂါစမ်းသပ်ကုသပေးခြင်းသည် "စက္ခုအလင်းပေး" သည့် "အလှူဒါန" တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

(ညွှန့်ဝေ-တွံတေး)

ရှုံးကြွေးပြန်ဆပ်ခဲ့သည့် ရေဝတီ

ရန်ကုန် မေ ၁၀

၂၀၁၃ AFC CUPဘောလုံးပြိုင်ပွဲ အုပ်စု(G) ပွဲစဉ်တွင် ရေဝတီယူနိုက်တက်အသင်းနှင့် မော်လ်ဒိုက်ကလပ် မာဇီယာအသင်းတို့ ယနေ့ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရေဝတီအသင်းက သုံးဂိုး ပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ရေဝတီယူနိုက်တက်-သုံးဂိုး
(ဒိုမီနစ်၊ လီအန်ဒရို၊ နေလင်းထွန်း)

မာဇီယာ-ဂိုးမရှိ

ပထမအကျော့တွင် မာဇီယာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ရေဝတီအသင်းမှာ အိမ်ကွင်း၌ ဂိုးပြတ်သွင်းပြီး ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။ သုံးပွဲဆက်တိုက် ရှုံးနိမ့်ထားသည့် ရေဝတီအသင်းမှာ ယနေ့ပွဲအနိုင်ရခဲ့သောကြောင့် အုပ်စုမျှော်လင့်ချက် အနည်းငယ် ရှင်သန်လာခဲ့သည်။ လီအန်ဒရို၊ ဒိုမီနစ်၊ ဖြိုးကိုကိုသိန်း၊ နေလင်းအောင်၊ ဆာတိုရှိတို့ဖြင့် ပွဲထွက်လာသည့် ရေဝတီအသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ငါးမိနစ်တွင် ဒိုမီနစ်၊ ခြောက်မိနစ်တွင် လီအန်ဒရိုနှင့် ပထမပိုင်းပြီးခါနီးတွင် နေလင်းထွန်းတို့ကခေါင်းတိုက်သွင်းယူခဲ့သည်။

ယမန်နေ့က မော်လ်ဒိုက်နိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့သော အုပ်စု(F) ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းမှာ အိမ်ရှင်ကလပ် နယူးရေဒီယန့်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ
ရှိုင်းထက်ဇော်

ရေဝတီအသင်း မာဇီယာအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

၂၂ ဘီး ဆီဘောက်ဆာကားကြီးတစ်စီး တောင်ငူ ခပေါင်းတံတားပေါ် အရှိန်လွန်တိမ်းမှောက်

တောင်ငူ မေ ၁၀

ရန်ကုန်မြို့မှ နေပြည်တော် အေလာလေဆိပ် စီမံကိန်းအတွက် ရေနံဆီ ဂါလန် ၇၂၀၀ တင်ဆောင်လျက် ယာဉ်မောင်း သွင်မောင်မောင်စိုး အသက်(၃၀)နှစ် (၂)ရပ်ကွက် ရေတာရှည်မြို့နေ မောင်းနှင်လာသည့် Green Luck Co.Ltd မှ ယာဉ်အမှတ် ၆ဂ/. . . . ၂၂ဘီး ဆီဘောက်ဆာကားကြီးသည် မေ ၁၀ ရက် ညနေ ၃ နာရီခွဲခန့်တွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်း (ပုံမှန်လမ်း) အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ် နယ်စပ်ရှိ ခပေါင်းတံတားပေါ် အရောက်တွင် အရှိန်လွန်ကာ တိမ်းမှောက်သွားပြီး ဆီများ ယိုဖိတ်ကာ အဆန်ကားလမ်းဘက် ပိတ်ဆို့သွားသည်။ **(အပေါ်ပုံ)**

ယာဉ်တိမ်းမှောက်မှု သတင်းရလျှင်ရချင်း တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်၊ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကြည်၊ ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်ဇော်ထွန်းမိုး၊ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ အုတ်တွင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ၊ ခရိုင်မီးသတ်ဦးစီးမှူး ထင်အောင်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်လေးစီးတို့ အခင်းဖြစ်ပွားရာသို့ ရောက်ရှိကြပြီး မီးလောင်မှုမဖြစ်ပွားစေရန် လိုအပ်သည်များကို ဆောင်ရွက်ကြပြီး ယာဉ်တိမ်းမှောက်မှုကို အုတ်တွင်းရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၄၇၂)

အဆိပ်မိငါးစားမိ၍ မူးဝေအော့အန်

မိတ္ထီလာ မေ ၁၀

မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာအုပ်စု ရွှေစစ်သည်ကျေးရွာနေ တောင်သူ ဦးမြတ်လှိုင်နှင့် ဇနီး ဒေါ်တင်မြတို့ မိသားစုသည် မေ ၈ ရက် ညနေပိုင်းက မိတ္ထီလာစည်ပင်သာယာဈေးအပိုင် ပိတောက်မြိုင်ဈေးအတွင်းမှ ဂျပန်ငါး ၅၀ သားဝယ်ယူခဲ့ သည်ဆို၏။ အိမ်ရောက်၍ ဂျပန်ငါး ၅၀ သားကို တစ်ဝက်ချက်ပြီး တစ်ဝက်ကြော်ကာ ငါးဟင်းကို မိသားစုများဖြစ်သော ဖခင် ဦးမြတ်လှိုင်၊ ဇနီး ဒေါ်တင်မြနှင့် သားကိုအောင်အောင်၊ သမီး မပြည့်ပြည့်ဖြိုးတို့ စုစားကြသည်ဆို၏။ ငါးဟင်းကို သားနှင့် သမီးတို့က များများစားကြသည် ဆို၏။ ညရောက်သောအခါ အောင်အောင် (၃၀)နှစ်မှာ မူးဝေအော့အန်ပြီး မပြည့်ပြည့်ဖြိုး(၁၂)နှစ်မှာ ခေါင်းမူး ဝေဒနာခံစားနေရသဖြင့် ညတွင်းချင်း မိတ္ထီလာ ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်လိုက်ရသည်။ စားမိသောငါးမှာ အဆိပ်မိထားသော ငါးဖြစ်၍ ယခုကဲ့သို့ မူးဝေအော့အန်ခြင်းဖြစ်ကြောင်း သိရသည်။

(၁၁၁)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး၊ မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

ပြည်တွင်းရေးရာ

ဒေါ်လာသန်း ၅၀ နီးပါး စံချိန်တင်ရရှိလာသော ငါးရှဉ့်ဖြင့် ကျေးလက်လူမှုဘဝမြင့်မားရေးလုပ်ဆောင်နိုင်

ရန်ကုန် မေ ၁၀

ရေလုပ်ငန်းကဏ္ဍတွင် ငါးရှဉ့်ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၅၀ အထိ စံချိန်တင်ရရှိခဲ့ခြင်းဖြစ်ပြီး ကျေးလက်လူမှုဘဝ မြင့်မားတိုးတက်ရေးအတွက် ငါးရှဉ့်လုပ်ငန်းဖြင့် မြှင့်တင်ပေးနိုင်ကြောင်း မေ ၉ ရက်က ပြုလုပ်သော သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအခမ်းအနားမှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် ငါးရှဉ့်ကို နေရာတိုင်းတွင်တွေ့ရှိရပြီး မြစ်ချောင်းအင်းအိုင်များ၊ လယ်များဆည်များ၊ ရေစပ်နေရာတို့တွင် တွေ့ရှိရခြင်းဖြစ်သလို ရေမရှိသောနေရာများတွင်လည်း တွင်းများအတွင်း၌ ခိုဝင်နေထိုင်တတ်ကြခြင်းဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်းဉက္ကဋ္ဌ ဦးဘသော်က "ငါးရှဉ့်လုပ်ငန်းရှင်တွေက မြို့တိုင်းလိုလိုမှာရှိတယ်၊ အောက်မြန်မာပြည်မှာရှိသလို အထက်မြန်မာပြည်မှာလည်း ရှိတယ်၊ ငါးရှဉ့်လုပ်ငန်းရှင်မရှိတဲ့နေရာမရှိဘူး၊ ငါးရှဉ့်မရှိတဲ့နေရာမရှိဘူး၊ နေရာ တိုင်းမှာရှိတယ်"ဟု ဆိုသည်။

ပြည်တွင်းဈေးကွက်တွင် ငါးရှဉ့်သည် လူတိုင်းမစားသလို ဈေးကွက်ကောင်းများမရှိခဲ့သော်လည်း ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းကာ ဈေးနှုန်းများလည်း မြင့်မားစွာ ပေးလာခြင်းကြောင့် ရွှေရောင်သမ်းသောအခြေအနေမျိုးဖြစ်လာခဲ့ကြောင်း သိရသည်။

အိမ်တိုင်းတွင်လည်း ငါးရှဉ့်ကို ချက်ပြုတ်စားသောက်ခြင်းမရှိကြသလို အမျိုးသားအချို့လောက်ကသာ စားသောက်ဆိုင်များ၌ သွားရောက်စားသောက်ကြသည့် အခါ ငါးရှဉ့်ဟင်းကို ဈေးနှုန်းမြင့်မားစွာပေး၍ စားသုံးတတ်ကြခြင်းဖြစ်သည်။ ကျေးလက်ဒေသ များတွင်လည်း ငါးရှဉ့်ဖမ်းဆီးသောတောင်သူများကိုယ်တိုင်မစားကြဘဲ အချို့လောက်သာ စားသုံးကြပြီး ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရသော တော်ဝင်ပစ္စည်းမျိုးမဟုတ်သည့် ငါးရှဉ့်က ပြည်ပဈေးကွက်အလားအလာကောင်းကြောင့် အခြေအနေကောင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က "ငါးရှဉ့်ရှာတဲ့ တံငါသည်တောင်မှ အမွဲဆုံး။ ဝါးမြှုံးကလေးနဲ့ ညနေမြှုံးချပြီး မြှုံးထဲမှာ တီကောင်၊ ခရု၊ ကဏန်းတွေကို ထည့်ပြီး ထောင်ထားတယ်။ အစာကို လာစားတဲ့ ငါးရှဉ့်တွေက မြှုံးထဲမှာမိနေရော။ မနက်ကျတော့ မြှုံးသွားဖော်ကြရတယ်။ အခုလို ငါးရှဉ့်ဈေးကောင်းလာတာဟာ တရုတ်ဈေးကွက်နဲ့ ချိတ်ဆက်သွားပြီးတော့ ဈေးကောင်းရလာတာပဲဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။

လွန်ခဲ့သော ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်သာ ရှာဖွေပေးနိုင်သော ငါးရှဉ့်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၅၀ နီးပါးရရှိလာပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အမြင့်မားဆုံးရှာဖွေပေးနိုင်သော ရေထွက်ပစ္စည်းအမယ်တစ်ခုအဖြစ် စံချိန်သစ်တင်ရလောက်သော အနေအထားဖြစ်ခဲ့ကြောင်း သိရသည်။

ငါးရှဉ့်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိမှုကို ကြည့်ပါက ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၁၈ သန်းကျော်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၂၀ ကျော်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၂၃ သန်းကျော်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၄၀ ကျော်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာသန်း ၅၀ နီးပါး စသည်ဖြင့် နှစ်စဉ်တိုးတက်ရရှိခဲ့ပြီး ငါးရှဉ့်တစ်တန်၏လေလံဈေးမှာလည်း တစ်တန်လျှင် ဒေါ်လာ ၇၀၀၀ အထိရရှိလာခဲ့ခြင်းဖြစ်သည်။ တရုတ်ကုန်သည်များက မြန်မာဘက်မှ ငါးရှဉ့်ဝယ်ကာ ကွမ်ကျိုးတွင်ရှိသော International Sea Food Market ၌ ဈေးတင်ကာ ဂျပန်၊ ကိုရီးယားစသော ဝယ်လက်များကို ပြန်လည်ရောင်းချကြသည်။ ငါးရှဉ့်ကို ရသလောက် ဈေးပေးကာ ဝယ်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်ဈေးကွက်တွင် ဈေးကြီးကြီးပေး၍ ဝယ်နေရသော ကိုရီးယား၊ ဂျပန်စသော နိုင်ငံများသည် ငါးရှဉ့်မူရင်းထွက်ရှိတင်ပို့ ရောင်းချရာ မြန်မာနိုင်ငံသို့ လာရောက်၍ ဝယ်ယူရန် ကမ်းလှမ်းလာကြကြောင်း မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်တွင်းမှာပင် ဈေးကွက်တစ်ရပ်ဖော်ဆောင်ပြီး ပြည်ပဝယ်လက်များကို ဖိတ်ခေါ်ရောင်းချခြင်းဖြင့် ယခုထက်ပို၍ အကျိုးဖြစ်ထွန်းနိုင်ကာ နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေများ ပိုမိုရှာဖွေပေးရန် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဟု လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

ထိုသို့ ဈေးကွက်အခြေအနေ အလားအလာကောင်းသော ငါးရှဉ့်သည် သဘာဝမှဖမ်းဆီး၍တင်ပို့ရောင်းချကြခြင်းကြောင့် သဘာဝက ပေါများစွာထွက်ရှိသည်ဟုဆိုသော်လည်း ရေရှည်တွင် သယံဇာတပြုန်းတီးမသွားစေရန် အစီအမံများ ချမှတ်၍ တင်းကျပ်စွာ ကြပ်မတ်သွားရန်လိုအပ်နေသည့်အနေထားရှိကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက သုံးသပ်ထားကြသည်။

ထို့ကြောင့် ပြည်တွင်းတွင် ငါးရှဉ့်များသားဖောက်၍ မွေးမြူသောစနစ်ကို ကျယ်ပြန့်စွာ လုပ်ဆောင်သင့်ပြီး အကောင်ငယ်များကိုမွေးထား၍ အကောင်ကြီးများကိုသာ ရောင်းချရန်ကြပ်မတ်သင့်ကြောင်း ဝေဖန်ထောက်ပြမှုများရှိလာခဲ့သည်ဟု သိရသည်။

ငါးရှဉ့်မွေးမြူရေးကိုလုပ်ဆောင်ရာတွင် ကျေးလက်ဒေသများ၌သာ အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် အခြေအနေများရှိခြင်းကြောင့် ကျေးလက်ဒေသခံတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကာ လူမှုဘဝဖွံ့ဖြိုးစေရန် ပံ့ပိုးမြှင့်တင်နိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က အကြံပြုပြောကြားသည်။

"ငါးရှဉ့်မွေးတာက ကျေးလက်မှာပိုဖြစ်ထွန်းနိုင်တယ်။ ဒီလိုငါးရှဉ့်မွေးမြူရေးတွင်ကျယ်တာနဲ့အမျှ ငါးရှဉ့်အစာတွေ ထုတ်လုပ်တဲ့ဟာတွေ၊ ဆက်စပ်လုပ်ငန်းတွေ လုပ်ကိုင်ပြီး ဒေသခံတွေအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

ဤသို့ဖြင့် ကျေးလက်လူထုဘဝကို မြင့်မားစေရန် မြှင့်တင်လုပ်ဆောင်ပေးနိုင်သော ငါးရှဉ့်မွေးမြူရေးအတွက် အစီအမံကောင်းများချမှတ်ကာ လုပ်ဆောင်ခြင်းဖြင့် ကျေးလက်လူထု၏ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူများဖြစ်စေမည့်အကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(ထက်ခိုင်-စမ်းချောင်း)

မိုးစပါးတစ်ဧကေ အထွက်နှုန်းတိုးရေး ကော့ကရိတ်ခရိုင်၌ ဆောင်ရွက်

ကော့ကရိတ် မေ ၁၀

ကော့ကရိတ်ခရိုင် မိုးစပါးတစ်ဧကေ အထွက်နှုန်းတိုးတက်ရေးအတွက် မြေဆီလွှာပြုပြင်ပြောင်းလဲရေးလုပ်ငန်းဖြစ်သည့် နွေထယ်ရေးလှန်ခြင်း၊ သစ်စိမ်းမြေဩဇာကြဲပက်ခြင်းလုပ်ငန်းကို မေ ၈ ရက် နံနက် ၈ နာရီက ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၁)၊ ဦးပိုင်(၆)ရှိ တောင်သူဦးမောင်ဌေး၏ လယ်မြေ ၁၀ ဒသမ ၁၄ ဧကတွင် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သူနှင့် ထွန်စက်ကြီး နှစ်စီး၊ လက်တွန်းထွန်စက် ငါးစီးဖြင့် ထွန်ယက်ပြီး ပဲမျိုးစေ့များ ကြဲပက်စိုက်ပျိုးပွဲကျင်းပခဲ့သည်။

နွေထယ်ရေးခံပြီး သစ်စိမ်းမြေဩဇာပဲမျိုးစေ့များ ကြဲပက်ပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလှသိန်းနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များက ပညာပေးဟောပြောကြပြီး ရန်ကုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောခင်လှနှင့် တောင်သူလယ်သမား ၁၂၀ တို့ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

ကော့ကရိတ်ခရိုင် ၂၀၁၃ ခုနှစ် မိုးစပါးရာသီတွင် နွေထယ်ရေးလှန်ပြီး သစ်စိမ်းမြေဩဇာစိုက်ပျိုးခြင်းကို ကော့ကရိတ်မြို့နယ်တွင် ဧက ၃၀၀၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဧက ၁၀၀ စုစုပေါင်း ဧက ၄၀၀ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည့် ပဲမျိုးစေ့များကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြတ်ကို(ဒေါနမြေ)

ဆရာ၊ ဆရာမများ အရည်အချင်းစစ် စာမေးပွဲ ကလေးမြို့၌ ကျင်းပ

ကလေး မေ ၁၀

ကလေးမြို့နယ်အတွင်း ကျောင်းသားနှင့်ဆရာ အချိုးညီမျှစေရန်အတွက် လစ်လပ်နေသော ကျောင်းများတွင် ဆရာ ဆရာမများ ခန့်ထားနိုင်ရေးအတွက် အရည်အချင်းစစ် စာမေးပွဲများကို မေ ၉ ရက် နံနက် ၉ နာရီတွင် ကလေးမြို့ အ ထ က(၁)၊ (၂)၊ (၃)တို့၌ တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

အဆိုပါအရည်အချင်းစစ်စာမေးပွဲတွင် ဖြေဆိုသူ ၄၁၀၀ ကျော် ဝင်ရောက်ဖြေဆိုကြပြီး အသက်ကန့်သတ်ချက်အနေဖြင့် အသက် (၄၀)နှစ်အထိ ခွင့်ပြုကြောင်း သိရသည်။

(သျှင်နေမင်း-ဂန့်ဂေါ)

The Government of Republic of the Union of Myanmar
Ministry of Finance and Revenue
Committee on Finance and Awards
27th SEA GAMES
Invitation for Bids

1. Bids are invited by the Committee on Finance and Awards, the Ministry of Finance and Revenue, for the supply of the medals to be awarded in the forthcoming 27th SEA GAMES.
2. Official Bidding from and requirement shall be available at the Ministry of Finance and Revenue, Office No.26, Nay Pyi Taw, Internal Revenue Department Office No.46, Nay Pyi Taw and Tax Service Unit, No.59/61 at the Corner of Pansodan and Merchant Street, Yangon during the office hour from (22-4-2013) to (3-5-2013)in payment of kyat 10,000(Kyat ten thousand).
3. Bids shall state the followings in details:
   (a) CIF Yangon price(may be in Kyats or in United State Dollers)
   (b) Price must be quoted for each kind of medal (for gold, silver, bronze)(6cm diameter and 0.5cm thickness of each medal)
   (c) Price shall include ribbon (47cm long of the ribbon, 3.5cm wide of the ribbon)
   (d) sample of ribbon,description and photo of medal box must be submitted.
   (e) Time for delivery(not more than five months)
   (f) Mode and process of making medals(Press,mold,etc)
   (g) Composition and ratio of metals contained in each kind of medal(Gold, Silver, bronze)
   (h) Guarantee
4. Contract of Purchasing shall be entered with the successful bidder.
5. Committee on Finance and Awards reserves the right to cancel verify,re-invite tender and its decision shall be final and conclusive.
6. Bids shall be only on the official bidding forms as per paragraph two.
7. Bids in sealed envelopes shall be submitted at the Ministry of Finance and Revenue, Office No.26,Nay Pyi Taw, no later than (16:00)hours on (17-5-2013)
8. Bids shall be opened at the same venue on (20-5-2013)at 10:00am for signature and verification.Bidders are invited to present at this.
9. Announcement on the successful bidder will be made on(31-5-2013)
10. For enquiry,contact phone numbers, 01-378370, 01-378372, 067-430071and 067-410181 during office hour.

Secretary
Committee of Finance and Awards



(၂၇)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဇနီး **Moon Lay**

၆-၄-၂၀၁၃ ရက်မှာ ကျရောက်ခဲ့တဲ့ (၂၇)နှစ်မြောက် မင်္ဂလာသက်တမ်းမှ နောင်နှစ်ပေါင်းများစွာတိုင် ချစ်ခင်ပွန်းနှင့် သံသယ ကင်းစင်သော ချစ်ခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်---

ချစ်ခင်ပွန်း"ကိုကို"
ဦးသိန်းနိုင် 'မင်းသီဟ' ဆောက်လုပ်ရေး

(၁)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ကိုနိုင်လင်းဦးနှင့် မသဲစုဝေ (စိန်သိန်းသန်းဝေရတနာရွှေဆိုင်၊ ရန်ကုန်ဆိုင်ခွဲ၊ညောင်ဦး)တို့၏ ၁၁-၄-၂၀၁၃ရက်တွင် ကျရောက်သော (၁)နှစ်မြောက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်ကျန်းမာ၊ စိတ် ချမ်းသာစွာဖြင့် လိုတိုင်းရ၊ တတိုင်းပြည့်စုံပြီး တုနှိုင်းမရနိုင်သည့် မေတ္တာ ပေးဆပ်မကုန်နိုင်သော မိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

ချစ်ဖေဖေ၊ မေမေ
မောင်လေး

မီးစက်အဟောင်းအမြန်ဝယ်လိုသည်

100 KVA | Open Type | 3 phase | sound proof

ph -229245 (ext-151), 09-422514762

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

Elysium ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ကမ္ဘာကြီး၏ ၂၁၅၉ ခုနှစ်ကို မှန်းဆရိုက်ကူးထားသော Elysium စိတ်ကူးယဉ်သိပ္ပံဇာတ်ကား

ကမ္ဘာကြီး၏ လေထုညစ်ညမ်းမှု ပိုမိုများပြားခြင်းနှင့် ငတ်မွတ်ခေါင်းပါးလာမှုကပ်ဆိုးများကြောင့် ချမ်းသာသော လူကုံထံအသိုင်းအဝိုင်းရှိ လူများက အာကာသထဲသို့ရှောင်တိမ်းသွားကြပုံကို အဓိကဇာတ်အိမ်ဖွဲ့ကာ ရိုက်ကူးထားသော Elysium အမည်ရှိ စိတ်ကူးယဉ် သိပ္ပံဇာတ်ကားတွင် ဟောလိဝုဒ်သရုပ်ဆောင်၊ ဇာတ်ညွှန်းရေးဆရာ မက်တ်ဒန်မွန်က ပါဝင်သရုပ်ဆောင်ထားကာ ဒါရိုက်တာ Neill Blomkam က ရိုက်ကူးပုံဖော်ပေးထားပြီး ယင်းဇာတ်ကားကို ဩဂုတ် ၉ ရက်၌ စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် ၂၁၅၉ ခုနှစ်၌ လူတို့မှာ အမျိုးအစားနှစ်မျိုးသာရှိတော့ကြောင်း၊ အလွန်ချမ်းသာသော လူကုံထံအသိုင်းအဝိုင်းများက ကမ္ဘာကြီး၏ ပျက်စီးယိုယွင်းလာမှုများနှင့် လေထုညစ်ညမ်းမှုများကြောင့် အာကာသထဲ၌ သန့်ရှင်းသပ်ရပ်စွာတည်ဆောက်ထားသော စခန်းများ၌ သွားရောက်နေထိုင်ကြပြီး ကျန်ရှိသူများမှာ လူဦးရေ ထူထပ်လှစွာသော ယင်းပျက်စီးနေသည့် ကမ္ဘာကြီးအတွင်းမှာပင် ဆက်လက်နေထိုင်ရပုံများကို ပုံဖော်ရိုက်ကူးထားသည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

Divergent စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသစ်တွင် ကိတ်ဝင်းစလက် ပါဝင်သရုပ်ဆောင်

ဟောလိဝုဒ်သရုပ်ဆောင်များဖြစ်ကြသည့် ကိတ်ဝင်းစလက်နှင့် Shailene Woodley တို့အဓိကပါဝင်သရုပ်ဆောင်ကြမည့် Divergent အမည်ရှိ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားကို ဧပြီ ၈ ရက်က ချီကာဂိုမြို့၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း ယင်းဇာတ်ကားထုတ်လုပ်သူများက ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် Ray Stevenson နှင့် Mekhi Phifer တို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ယင်းဇာတ်ကားသည် အမေရိကန်စာရေးဆရာ Veronica Roth ၏ Divergent အမည်ရှိ ရောင်းအားအကောင်းဆုံးဆုရ လူငယ်ကြိုက်ဝတ္ထုကို ဒါရိုက်တာ Neil Burger က ပြန်လည်ပုံဖော်ရိုက်ကူးကာ ၂၀၁၄ ခုနှစ် မတ် ၂၁ ရက်တွင် ရုံတင်ပြသနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

Avatar ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်လမ်းသစ်ကို ရေအောက်ကမ္ဘာထဲ၌ တင်ဆက်မှုများဖြင့် ဖန်တီးမည်

မကြာမီထွက်ရှိလာမည့် ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်း၏ လက်ရာ Avatar သိပ္ပံဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားကို ဖန်တီးရာတွင် ရေအောက်ကမ္ဘာထဲ၌ တင်ဆက်မှုများဖြင့် ဖန်တီးတင်ဆက်သွားမည်ဖြစ်ကြောင်း ယင်းဇာတ်ကား၏ ထုတ်လုပ်သူ Landau က ပြောကြားခဲ့ကြောင်း ဟောလိဝုဒ်ရီပိုတာသတင်းဌာနက သတင်းဖော်ပြထားသည်။

"ကျွန်တော်တို့မှာ Avatar ဇာတ်ကားအတွက် အမှန်တကယ် ရေအောက်ကမ္ဘာထဲမှာ ရိုက်ကူးသကဲ့သို့ဖန်တီးပေးမယ့် နည်းပညာရှင်တွေကို စုဖွဲ့ထားရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ရေအောက်ကမ္ဘာထဲမှာ တကယ်ဆင်းရိုက်သလို မြင်ကွင်းမျိုးကို ကွန်ပျူတာဂရပ်ဖစ်တွေနဲ့ တုပလို့ရပေမယ့် ဒီဇာတ်ကားမှာပါဝင်မယ့် သရုပ်ဆောင်ရဲ့ အတွေ့အကြုံကိုတော့ တုပလို့မရပါဘူး" ဟု လတ်စ်ဗီးဂတ်စ်မြို့၌ ကျင်းပခဲ့သည့် ရုပ်ရှင်နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတွင် Landau က ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့သည့် ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်း၏ လက်ရာ Avatar သိပ္ပံဇာတ်ကားသည် ရုပ်ရှင်ချစ်ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုကို ရရှိခဲ့သည့်အပြင် အကောင်းဆုံးဇာတ်ကားဆု၊ အကောင်းဆုံးဒါရိုက်တာဆုနှင့် Best Visual Effects စသည်ဖြင့် အော်စကာဆု ကိုးဆုကို ရရှိဆွတ်ခူးနိုင်ခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ရခိုင်ပြည်နယ်ဗဟိုသင်္ကြန်မဏ္ဍပ် စဉ်လာမပျက် ရိုးရာဓလေ့အတိုင်း ကျင်းပမည်

စစ်တွေ ဧပြီ ၁၀

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၃ ရက် နံနက် ၉ နာရီတွင် ဦးဥတ္တမခန်းမ၌ နံ့သာသွေးပြိုင်ပွဲကို ဖွင့်လှစ်မည်ဖြစ်သည်။

ဧပြီ ၁၃ရက် ညနေ ၅ နာရီတွင် ဦးဥတ္တမပန်းခြံရှေ့ရှိ ဗဟိုမဏ္ဍပ်ကို **(အပေါ်ပုံ)** ဖွင့်လှစ်ကာ ဧပြီ ၁၄ ရက် နံနက် ၉ နာရီတွင် ဦးဥတ္တမခန်းမ၌ နံ့သာသွေးပြိုင်ပွဲကိုကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးတွင် ဘုရားရေသပ္ပာယ်ပွဲတော် ကျင်းပမည်ဖြစ်သည်။ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)နံနက် ၉ နာရီတွင် ဦးဥတ္တမခန်းမ၌ သက်ကြီးပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် ဆုပေးပွဲနှင့် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗဟိုသင်္ကြန်မဏ္ဍပ်ရေပက်ရာ၌ စဉ်လာရိုးရာဓလေ့အတိုင်း မဏ္ဍပ်အတွင်းမှ လောင်းလှေတွင်ရေထည့်ကာ အပျို၊ လူပျိုမျက်နှာချင်းဆိုင် ရေပက်ရသည့် ဓလေ့ဖြစ်ပြီး လူပျိုကလေးက ရေပက်ပြီးအပြန်တွင် အပျိုမလေးကို မေတ္တာရေပက်ပြီးမှ ပြန်ရကြောင်း သိရသည်။ **(၆၉၈)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၄-၂၀၁၃ (ကြာသပတေးနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၅၀	"မန်းရွှေစက်တော်နှင့် မကွေးဘုရားစုံခရီးစဉ်"
၁၀း၃၀	ခါသင်္ကြန်အဆိုအကများ
၁၀း၄၀	"အင်းလေးတစ်ခွင်သာစေချင် ဝန်းကျင်သဘာဝထိန်းသိမ်းကြ"
၁၂း၃၀	မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ပန်းဝါဝါ" (ပထမပိုင်း) (ပြေတီဦး၊ နေအောင်၊ စိုးမြတ်သူဇာ၊ ချောရတနာ) [ဒါရိုက်တာ-ကိုဇော်(အရှက်ဦး)]
၄း၁၅	မြန်မာစာ၊ မြန်မာစကား (အပိုင်း-၇)
၄း၅၅	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း







မြန်မာနှစ်သစ်ကူးအထူး Promotion

မြန်မာ့နှစ်သစ်ကူးအခါသမယအား ကြိုဆိုသောအားဖြင့် ရန်ကုန်မြို့၏ အချက်အချာကျသော 3 stars အဆင့်ရှိသော New Aye Yar Hotel၌ ၁၂-၄-၂၀၁၃ ရက်မှ ၂၄-၄-၂၀၁၃ ရက်ထိ အထူးလျှော့ဈေးဖြင့် တစ်ခန်းလျှင် ယခင် 40000 Kyatsမှ ယခု 25000 Kyats (နံနက်စာ ဘူဖေးအပါအဝင်)ဖြင့် လာရောက်တည်းခိုနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

New Aye Yar Hotel

အမှတ်(၁၇၀/၁၇၅)၊ ဗိုလ်အောင်ကျော်လမ်း(အလယ်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၆၉၃၈~၄၂၊ ၂၅၆၈၅၆~၇ Fax ၂၅၆၅၇၆

Email; newayeyarhotel 250 @ gmail.com

ကျေးဇူးဆပ်

ကျွန်တော် မောင်ဇော်ဇော် နိုင်ငံကူးလက်မှတ် A-367228သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၂၀၁၀၄၄၀၄

စာအုပ်စာပေ လူ့မိတ်ဆွေ

ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပီအက်စ်ဂျီနောက်ခံလူ သီယာဂိုဆေးလ်ဗားပြောကြား

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ နောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားသည် စပိန်လာလီဂါထိပ်တန်းအဆင့်ရှိသည့် ဘာစီလိုနာအသင်းက ၎င်းအား ခေါ်ယူရန် နောက်တစ်ကြိမ်ကြိုးပမ်းလာပါက ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ဘရာဇီးကြယ်ပွင့် သီယာဂိုဆေးလ်ဗားအား စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သော်လည်း သီယာဂိုဆေးလ်ဗားမှာ အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းမှ ထွက်ခွာကာ ပြင်သစ်မြေမှ ပီအက်စ်ဂျီ အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။

လက်ရှိတွင်မူ ပီအက်စ်ဂျီအသင်း၌ ကစားနေသော်လည်း ပြီးခဲ့သည့် သီတင်းပတ်က ပီအက်စ်ဂျီနှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့အပြီးတွင် ပီအက်စ်ဂျီနောက်တန်းကစားသမား သီယာဂိုဆေးလ်ဗားအနေဖြင့် ရာသီကုန်ပါက နူးကမ့်သို့ပြောင်းရွှေ့ကစားရန် ၎င်းကိုယ်တိုင် ချိတ်ဆက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းတွင် ပျော်ရွှင်မှုရရှိနေကြောင်း၊ သို့ရာတွင် အနာဂတ်တွင် မည်သည့်အပြောင်းအလဲများ ဖြစ်လာမည်ဆိုသည်ကို မိမိကိုယ်တိုင်ပင် မသိရှိသေးကြောင်း ဘာစီလိုနာသို့ ပြောင်းရွှေ့မည့်အကြောင်းအရာနှင့် ပတ်သက်၍ မေးမြန်းခဲ့စဉ်အတွင်း နောက်ခံလူ သီယာဂိုဆေးလ်ဗားက ပြောကြားခဲ့သည်။

လက်ရှိတွင်မူ သီယာဂိုဆေးလ်ဗား သည် ပီအက်စ်ဂျီအသင်းနှင့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကုန်သည့်တိုင်အောင် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

နိုင်လင်းကြည်

အနားယူရန် စဉ်းစားလျက်ရှိသော နည်းပြဂျက်ပေးနက်စ်ကို ချယ်လ်ဆီးနှင့် မန်စီးတီးတို့ စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိ

ပရီမီယာလိဂ်၏ ထိပ်တန်းအသင်းကြီးနှစ်သင်းဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့သည် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ အနားယူရန် စဉ်းစားလျက်ရှိသော နည်းပြဂျက် ပေးနက်စ်ကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂျက်ပေးနက်စ်အနေဖြင့်လည်း နည်းပြဘဝမှ အနားယူမည့် အစီအစဉ်ကို လုပ်ဆောင်ရန်ဆန္ဒမရှိသေးကြောင်းနှင့် နည်းပြအလုပ်ကို ဆက်လုပ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းမှ ဝါရင့်နည်းပြ ဂျက်ပေးနက်စ်သည် ယခုနှစ် ဘောလုံးရာသီကုန်တွင် ၎င်း၏ စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ဘာစီလိုနာနည်းပြဟောင်း ပက်ဂွါဒီယိုလာဖြင့် အစားထိုးရန် သဘောတူညီပြီးနောက် ဂျက်ပေးနက်စ်က ၎င်း၏မန်နေဂျာဘဝကို ပြည်ဖုံးကားချရန် မျှော်လင့်ထားသူဖြစ်သည်။

သို့ရာတွင် နည်းပြဂျက်ပေးနက်စ်အနေဖြင့် နောက်ဆုံးစိန်ခေါ်မှုတစ်ရပ်အဖြစ် အင်္ဂလန်သို့မဟုတ် စပိန်မြေမှ အဓိကအသင်းကြီးတစ်သင်းတွင် နည်းပြအဖြစ် ကိုင်တွယ်ခွင့်ရရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ရာသီကုန်ပါက အဲဗာတန်မှထွက်ခွာမည်ဖြစ်ကြောင်း ဖီးလ်နဗီးလ်ကြေညာ

အဲဗာတန်အသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် ဖီးလ်နဗီးလ်သည် ယခုနှစ်ဘောလုံးရာသီကုန်ပါက အဲဗာတန်အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အသက် (၃၆)နှစ် အရွယ်ရှိ ဖီးလ်နဗီးလ်သည် ၂၀၀၅ ခုနှစ်က မန်ယူအသင်းမှ ထွက်ခွာခဲ့ပြီးနောက် အဲဗာတန်အသင်းတွင် ရှစ်နှစ်ကြာ ပါဝင်ကစားပေးခဲ့သူ ဖြစ်သည်။

အဲဗာတန်အသင်းတွင် ကစားနေစဉ် ဘောလုံးသမားဘဝ တိုးတက်အောင်မြင်မှုရရှိအောင် အထောက်အပံ့ပေးခဲ့သော အသင်းမန်နေဂျာ၊ အသင်းဥက္ကဋ္ဌနှင့် ကစားဖော်များအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ အထူးသဖြင့် ပရိသတ်ကြီးကိုကျေးဇူးတင်ကြောင်း၊ သို့ရာတွင် ထိပ်တန်းအဆင့်ရှိ အသင်းကြီးတစ်သင်းတွင် ကစားရန်ဆန္ဒရှိနေခြင်းကြောင့်သာ အဲဗာတန်အသင်းမှ ထွက်ခွာရန် စဉ်းစားထားခြင်းဖြစ်ကြောင်း ဖီးလ်နဗီးလ်က ဆိုသည်။

အေစီမီလန်တိုက်စစ်မှူး မာရီယိုဘာလော့တယ်လီ သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရ

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းမှ အီတလီတိုက်စစ်မှူး မာရီယိုဘာလော့တယ်လီသည် အေစီမီလန်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စီးရီးအေပွဲစဉ်တစ်ခုတွင် ပြိုင်ပွဲနှင့် သက်ဆိုင်သော အရာရှိတစ်ဦးအား ဆဲရေးတိုင်းထွာမှုပြုလုပ်ခဲ့ခြင်းအတွက် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းကြောင့် အီတလီစီးရီးအေပွဲစဉ် သုံးပွဲပါဝင်ခွင့်ရရှိမည်မဟုတ်ပေ။

အသက်(၂၂)နှစ်အရွယ် တိုက်စစ်မှူး ဘာလော့တယ်လီသည် ယခုနှစ်ဘောလုံးရာသီ၏ လေးကြိမ်မြောက်အဝါကတ်ပြသခံခဲ့ရပြီးနောက် တစ်ပွဲပယ်ပြစ်ဒဏ်ကျခံထားရပြီး ဖြစ်သည်။ ထို့နောက် ဘာလော့တယ်လီသည် အေစီမီလန်နှင့် ဖီအိုရင်တီးနားပွဲစဉ်အပြီးတွင် ဒိုင်လူကြီးတစ်ဦးအား ဆဲရေးတိုင်းထွာခဲ့ခြင်းကြောင့် ၎င်း၏ပွဲပယ်ပြစ်ဒဏ်တိုးလာခြင်းဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူးဘာလော့တယ်လီသည် အေစီမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် နာပိုလီ၊ ဂျူဗင်တပ်နှင့် ကာတာနီးယားတို့နှင့် ပွဲစဉ်များတွင် လွဲချော်ရလိမ့်မည်ဖြစ်သည်။

အီတလီတိုက်စစ်မှူး ဘာလော့တယ်လီသည် ၂၀၁၃ ခုနှစ်အတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် ၁၁ ပွဲကစားအပြီးတွင် ၁၀ ဂိုးအထိ သွင်းယူပေးခဲ့သည်။

ဘာလော့တယ်လီသည် လေ့ကျင့်ရေးကွင်းသန့်စင်ခန်းတစ်ခုထဲတွင် ဆေးလိပ်သောက်မှုကြောင့် အသင်း၏ဒဏ်တပ်မှု ခံခဲ့ရသည်။

ပြင်သစ်ကုမ္ပဏီ "LABORATOIRES DE BIOLOGIE VEGATALE YVES ROCHER" ၏ အများသိစေရန် ကြေညာချက်

ပြင်သစ်နိုင်ငံ LABORATOIRES DE BIOLOGIE VEGATALE YVESROCHER ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ LABORATOIRES DE BIOLOGIE VEGATALE YVES ROCHER သည်ပြင်သစ်နိုင်ငံဥပဒေအရ ဖွဲ့စည်းထားသည့် ကုမ္ပဏီ ဖြစ်ပြီးကုမ္ပဏီ၏ ရုံးချုပ်သည် La Croix des Archer-LA Gacilly (Merbihan), France ၌တည်ရှိ၍ မြန်မာနိုင်ငံ၌အောက်ပါကုန်အမှတ်တံဆိပ်အား နိုင်ငံတကာ ကုန်စည်အုပ်စု ၃၊ ၃၅ နှင့် ၄၄ Reg.No. IV/1138/2012 ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

YVES ROCHER
FRANCE

ANNAM MYANMAR COMPANY LIMITED သည်မြန်မာနိုင်ငံဥပဒေအရ ဖွဲ့စည်းထားသောကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၅၅၀ (၂၀၁၁-၂၀၁၂) မြို့အမှတ်၁၀(ခ)ရပ်ကွက် ... ရန်ကုန်မြို့နယ်တွင် အထက်ပါကုန်အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်သော အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ဖြန့်ဖြူးရန် မြန်မာနိုင်ငံအတွက်ခန့်အပ်ထားသော တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် ANNAM MYANMAR COMPANY LIMITED မှလွဲ၍ မည်သည့်ကုမ္ပဏီမှ ခန့်အပ်ထားခြင်းမရှိပါ။ ANNAM MYANMAR COMPANY LIMITED သည်သာအထက်ပါကုန်အမှတ်တံဆိပ်ကို သုံးစွဲပိုင်ခွင့်ရှိသည့်တရားဝင်ခန့်အပ်ကိုယ်စားလှယ်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

အမှတ် ၂၂ Pearl Shopping Centre ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကုန်မြို့ရှိ HNIN THIT SAR ကုမ္ပဏီ သည် အထက်ပါကုန်အမှတ်တံဆိပ်အတွက် မြန်မာနိုင်ငံ၏ ဖြန့်ဖြူးရေးကိုယ်စားလှယ်အဖြစ်ခန့်အပ်ထားခြင်းမရှိသည့်အတွက် ကုန်အမှတ်တံဆိပ်အသုံးပြုခြင်းအားခွင့်မပြုနိုင်ပါ။

Weekly Eleven Journal (issue date No.20, Vol 8, 20. 2. 2013) နှင့် The Myanmar Times Journal (issue date Vol 31 no.610, 1-7.3.2013) တွင်ပါရှိသည့် HNIN THIT SAR ကုမ္ပဏီ၏ ကြေညာထားချက်သည်မှန်ကန်ခြင်းမရှိကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

ပြင်သစ်ကုမ္ပဏီ "LABORATOIRES DE BIOLOGIE VEGATALE YVES ROCHER" ၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နိုင်နိုင်ဦး (Advocate)
ADVOCATE, SHIPPING & TRADE MARK
#205/5, Thirimingalar Housing, Strand Road,
Yangon, Myanmar. Dated. April 10, 2013

နှလုံးလှမဂ္ဂဇင်း
ဝင်းမောင်ခင် ၏
ရှင်လျက် သေသူ

တော်ဝင်နှင်းဆီ
- 392086, 380183

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်သူရဝင်း[၁၂/ဒပန(နိုင်)၀၄၈၉၉၂] သည် မိဘအုပ်ထိန်းသူ၏ ဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏ဆန္ဒအလျောက် ၉-၄-၂၀၁၃ ရက်နေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်ရာသက်ပန် စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းမောင်သူရဝင်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူတော့ပါကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးဝင်းနိုင်
[၁၀/မလမ(နိုင်)၁၁၉၈၈၇]
ဒေါ်ဖြူဖြူသန်း
[၁၀/မလမ(နိုင်)၀၀၄၃၈၅]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၊ မြေကွက်အမှတ်-၃၁၊ မြေကွက်တည်နေရာ-၃၁၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးမြဟန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြဟန်(ဖခင်)၊ ဒေါ်ခင်ကြည်(မိခင်)ကွယ်လွန်သဖြင့် ဦးအောင်ကျော်ထူး [၁၂/ဒပန(နိုင်)၀၄၂၈၂၉]၊ ဒေါ်မြင့်မြင့်စိန်[၁၂/ဒပန(နိုင်) ၀၂၇၉၂၉]၊ ဒေါ်မြင့်မြင့်ဝေ[၁၂/ဒပန(နိုင်) ၀၂၆၆၆၃]၊ ဦးခင်မောင်ဇော်[၁၂/ဒပန(နိုင်)၀၂၆၆၆၁] ၎င်း၏ကိုယ်စား(ဂျပန်နိုင်ငံသံရုံး၏ ၂၆-၂-၂၀၁၃ ရက်စွဲပါ စာအမှတ် ၄၄၃/၄၈-၀၁ ကိုယ်စားလှယ်လွှဲစာရသူ ဦးအောင်ကျော်ထူး)၊ ဒေါ်ညိုညိုဝင်း[၁၂/ဒပန(နိုင်) ၀၂၆၆၆၂]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် မဟာသင်္ကြန်ရက်အတွင်း ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယဆရာတော်ကြီး "ဘဒ္ဒန္တဉာဏစက္က" (ရခိုင်ကျောင်း ဆရာတော်)အား ဦးထိပ်ပန်ဆင်လျက်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုဝါဝါဝင်းအိမ်ရာနေ အလှူ့ဒါယကာ၊ ဒါယိကာမများဖြစ်သော ဦးရွှေဖော်သူ(ခ)ဦးအောင်သူ-ဇနီးဒေါ်လီဆွေလန့်မိသားစုတို့က မိမိရင်၌ဖြစ်သော သားမောင်စိုးမိုးအောင်အား ရဟန်းခံ၍ တူသားတပည့်များနှင့် ရှင်ရဟန်း(၁၀၈)ပါးကို သာသနာ့ဒါယကာအဖြစ်ခံယူလို၍ (၁၃၇၄ခုနှစ်၊ တန်ခူးလဆန်း၂ရက်)၊ ၁၂-၄-၂၀၁၃ရက်(သောကြာနေ့)တွင် မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ ရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဓမ္မမိတ်ဆွေများအား သာဓုခေါ်ဆိုနိုင်ရန်နှင့် ကျွေးမွေးသော ဘောဇဉ်အာဟာရများကိုလည်း သုံးဆောင်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

ဧပြီလ ၁၂၊ ၁၃၊ ၁၄ သင်္ကြန်ရက်များတွင် ကျောင်းတိုက်သံဃာများနှင့် ရောက်ရှိလာသော ဧည့်ပရိသတ်များကို ဆွမ်းဘောဇဉ်များကျွေးမွေးလှူဒါန်းပါမည်။ အလှူမင်္ဂလာအချိန် ဧပြီလ ၁၂ရက် နံနက် ၇ နာရီမှစတင်ပြီး ၁၀ နာရီထိ ရဟန်း၊ သာမဏေ(၁၀၈)ပါးအား သိမ်ဆင်းလောင်းလှူပါမည်။

အလှူ့ဒါယကာ၊ ဒါယိကာမ
ဦးရွှေဖော်သူ(ခ)ဦးအောင်သူ-ဒေါ်လီဆွေလန့်
မိသားစု

50% Discount Hotel Package
Air-Con, hot & cold water, Toilet
120000 Apr-13
120000
Ph: 09-73211079, 09-49250637, 09-420073607

မြန်မာ့စီးပွားရေးဘဏ်ရှေ့ မီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် ဧပြီ ၁၀

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်းရဲကျော်စွာလမ်းနှင့် ရာဇသင်္ဂဟလမ်းဆုံမီးပွိုင့်(မြန်မာ့စီးပွားရေးဘဏ်ရှေ့)၌ ယနေ့ နံနက် ၉ နာရီခန့်တွင် ၉င/----TOYOTA Carana မော်တော်ယာဉ်အား ၆ခ/-----MITSUBISHI ပစ်ကပ်မှ နောက်ကနေ ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိုက်မှုအား မီးပွိုင့်တာဝန်ကျ ယာဉ်ထိန်းရဲမှတစ်ဆင့် ယာဉ်မှုစစ်အရာရှိထံသို့ လွှဲပြောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကျော်သူရ)**

မတ်လအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး ၂၇၉ မှုဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၁၀

မတ်လအတွင်း နိုင်ငံတစ်ဝန်း ဘိန်း ၃၉ မှု (အလေးချိန် ၃၀၀ ဒသမ ၅၄၂၈ ကီလို)၊ ဘိန်းဖြူ ၉၃ မှု (အလေးချိန် ၅ ဒသမ ၀၁၈၉ ကီလို)၊ ဘိန်းဆီခဲ လေးမှု (အလေးချိန် သုည ဒသမ ၆၇၀၃ ကီလို)၊ အဆင့်နိမ့် ဘိန်း ၁၀ မှု (အလေးချိန် ၄ ဒသမ ၄၀၀၁ ကီလို)၊ ဆေးခြောက် ၁၂မှု (အလေးချိန် ၄ ဒသမ ၄၆၉၂ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃ မှု (၁၁၂၈၄၃၁ ပြား)၊ ဘိန်းစာမှုန့် ကိုးမှု (အလေးချိန် ၂၆ ဒသမ ၂၁၃၃ ကီလို)၊ ဆူဒိုအက်ဖီဒရင်းပါဆေးပြားနှစ်မှု (၂၄၆ ဒသမ ၉ ကီလို)၊ ထရာမဒေါလ် တစ်မှု (၁၈၂ ပြား)၊ ဘိန်းရည် (သုည ဒသမ ၀၁၂ လီတာ)၊ ဆေးခြောက်အစိုတစ်မှု (၂ ကီလို)၊ အိုက်စ်တစ်မှု(၃၃ ဒသမ ၀၁၅ ကီလို)၊ ဒိုင်ယာဇီပင်ထိုးဆေးတစ်မှု (၉၉၆၄ ပုလင်း)၊ ဆိုစီကွန်ဆေးပြား (၃၅ပြား)၊ အခြားတစ်မှု၊ မှတ်ပုံတင်ပျက်နှစ်မှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၂၇၉ မှု ဖမ်းဆီးရမိခဲ့ရာတွင် တရားခံ(ကျား) ၃၁၄ ဦး၊ (မ) ၆၉ ဦး စုစုပေါင်း တရားခံ ၃၈၃ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေတာရှည်မြို့နယ်၌ နာရီဝက်သာခြား၍ လူသတ်မှုနှစ်ခုဖြစ်ပွား

ရေတာရှည် ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာရဲစခန်းပိုင် ဆွာမင်းလမ်းအုပ်စု မှန်စီကျေးရွာနှင့် သာဂရရဲစခန်းအပိုင် သရက်ကုန်းရပ်ကွက်တို့တွင် အချိန်နာရီဝက်စီခြား၍ လူသတ်မှု သီးခြားစီဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပထမဖြစ်စဉ်မှာ ဧပြီ ၇ ရက် ည ၁၁ နာရီတွင် သာဂရမြို့ သရက်ကုန်းရပ်ကွက်နေ ဦးကျော်မိုးလွင် (၄၁) နှစ်နှင့်ဇနီးဖြစ်သူ မတိုးတိုးတို့နှစ်ဦးသည် ၎င်းတို့နေအိမ်နောက်ဘက်တစ်အိမ်ကျော်ရှိ ကွမ်းယာဆိုင်မှ ပြန်လာပြီးနောက် လင်မယားချင်းစကားများ ရန်ဖြစ်ခဲ့ကြကြောင်း၊ ထိုသို့ရန်ဖြစ်စဉ် ခြံချင်းကပ်နေ ဇော်လင်း(၃၂)နှစ်(ကျပန်း)မှ ဆဲဆိုကာ အရှည်နှစ်ပေခွဲခန့်ရှိ သစ်သားတုတ်ဖြင့် ပစ်ပေါက်ခဲ့သဖြင့် နေအိမ်ခေါင်မိုးပေါ်သို့ ကျရောက်ခဲ့ကြောင်း၊ ထို့နောက် ဇော်လင်းမှ အရှည်နှစ်ပေခွဲခန့်ရှိ သစ်သားတုတ်ကိုကိုင်လျက် နေအိမ်ခြံဝင်းအတွင်းသို့ ပြေးဝင်လာကာ ဦးကျော်မိုးလွင်အား အဆိုပါတုတ်ဖြင့်ပင် ရိုက်နှက်ခဲ့ရာ ဦးကျော်မိုးလွင်တွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးသွား၍ ဖြစ်မှုကျူးလွန်သူ ဇော်လင်းအား သာဂရရဲစခန်းမှ (ပ)၁၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒုတိယဖြစ်စဉ်မှာ ဧပြီ ၇ ရက် ည ၁၁ နာရီခွဲတွင် ဆွာမြို့တောင်ဘက် လေးမိုင်ခန့်အကွာ ဆွာမင်းလမ်းအုပ်စု ရန်ကုန်-မန္တလေးကားလမ်းအနီးရှိ မှန်စီကျေးရွာ၌ တစ်ဦးတည်းနေထိုင်သည့် အသက် (၃၅)နှစ်အရွယ် အမျိုးသမီးအား တစ်ရပ်တည်းနေသူက မြက်ရိတ်တံစဉ်နှင့် လည်ပင်းအား ထိုးသွင်း၍ သတ်ခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အခင်းဖြစ်ချိန်တွင် မှန်စီကျေးရွာနေ မချိုချိုအေး၏ နေအိမ်ဘက်မှ "ဝူးဝူး"ဟူသော အော်သံကြားရ၍ မြောက်ဘက်ခြံချင်းကပ်လျက်ရှိ ညီအစ်မဝမ်းကွဲတော်သူ မခင်မာဌေး၊ မအေးတို့နှစ်ဦးမှ ခြံအပြင်ဘက်မှနေပြီး မချိုချိုအေးအား လှမ်းခေါ်ခဲ့ကြောင်း၊ ထိုစဉ် မချိုချိုအေး၏ နေအိမ်တောင်ဘက်ကပ်လျက်ရှိ ဦးမောင်ကိုနှင့်သားဖြစ်သူ အောင်ခိုင်ထူးတို့မှ သိရှိ၍ ဓာတ်မီးများဖြင့် ထိုးကြည့်ရာတွင် မချိုချိုအေး၏ နေအိမ်ခန်းအောက်ဘက်မြေကြီးပေါ်တွင် သွေးစက်များကျလျက်ရှိကြောင်း တွေ့ရှိရသဖြင့် ကျေးရွာဆယ်အိမ်မှူး၊ ရပ်မိရပ်ဖ၊ အသိသက်သေတို့နှင့်အတူ မချိုချိုအေး၏ နေအိမ်ပေါ်ကိုတက်ကာ ကြည့်ရှုရာ မချိုချိုအေးမှာ လည်ပင်းတွင် မြက်ရိတ်တံစဉ်တန်းလန်းဖြင့် လူးလွန့်နေကြောင်း တွေ့ရှိရကာ ဆေးရုံသို့ အရေးပေါ်တင်ပို့ရန် ပြုလုပ်စဉ်မှာပင် သေဆုံးသွားခဲ့သည်။

အခင်းဖြစ်လျှင်ဖြစ်ပွားချင်း ဆွာရဲစခန်းမှူး ရဲအုပ်သောင်းစံ၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန်းနိုင်၊ ဒုရဲအုပ်ဇော်လင်းနှင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ခဲ့ပြီး ရွာသူရွာသားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြစ်မှုကျူးလွန်သူ သိန်းဇော်ဦး(၂၂)နှစ် မှန်စီကျေးရွာနေသူအား ဆွာမြို့ ငါးကြီးကွေ့ကျေးရွာဘုရားပွဲတွင် တွေ့ရှိဖမ်းဆီးနိုင်ခဲ့ပြီး ဆွာရဲစခန်းမှ (ပ)၄၉/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ညောင်လေးပင်၌ အမျိုးသမီးတစ်ဦး ဓားဒဏ်ရာဖြင့် သေဆုံး

ညောင်လေးပင် ဧပြီ ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၁)ရပ်ကွက် စက်ရုံလမ်းရှိ (အလက)ကျောင်းနှင့် ရထားလမ်းကြား၌ ဧပြီ ၉ ရက်က အမျိုးသမီးတစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မြို့မ(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က မြို့မ (၁)ရပ်ကွက် ရန်ကုန် - မန္တလေး မီးရထားလမ်းနှင့် အလယ်တန်းကျောင်းကြားတွင် အမျိုးသမီးတစ်ဦးအလောင်း တွေ့ရှိကြောင်း သတင်းပေးသဖြင့် သတင်းရလျှင်ရချင်း စခန်းမှူး ရဲအုပ်ညွန့်သန်း၊ တာဝန်မှူး ဒုရဲအုပ်မျိုးမင်းအောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းထွဋ်အောင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မခင်မေဦး (ကျပန်း)ရန်မျိုးအောင်လမ်း မြို့မ(၄)ရပ်ကွက်တွင် နေထိုင်သူဖြစ်ကာ သေဆုံးသူအမျိုးသမီး၏ ဘယ်၊ ညာ ရင်အုံထိုးသွင်းဒဏ်ရာ တစ်ချက်စီ၊ ဘယ်ဘက်ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ဘယ်ဘက်လက်ဖျံ ပြတ်ရှဒဏ်ရာတစ်ချက်၊ ဘယ်ဘက်ရင်ညွန့်တွင် ဒဏ်ရာတစ်ချက်ရရှိ၍ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရ၍ ညောင်လေးပင်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

မင်္ဂလာဒုံ၌ ကားဝပ်ရှော့မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၀

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရဲစခန်းပိုင် ရွှေနံ့သာကျေးရွာအုပ်စု ပုလဲ(၁)ရပ်ကွက်တွင် ကားဝပ်ရှော့တစ်ခု၌ မှန်လုံယာဉ်ကြီးတစ်စီးနှင့် ကားဝပ်ရှော့ ဘော်ဒီရုံတစ်ခုတို့ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဧပြီ ၇ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရဲစခန်းအပိုင် ရွှေနံ့သာကျေးရွာအုပ်စု ပုလဲ(၁) ရပ်ကွက် စကားဝါလမ်း အမှတ် (၁၅၆) ရှိ "မောင်ဇော်နှင့်ညီများ" ကားဝပ်ရှော့၌ ဝပ်ရှော့ဆရာ မောင်ဇော် (ခ)ဝင်းဇော်ဦးနှင့်အဖွဲ့သည် ယာဉ်အမှတ် ၂၇/---- မှန်လုံ အဲယားကွန်းဘတ်(စ်) အစိမ်းရောင်ယာဉ်(မထသ ၄၈ ယာဉ်လိုင်း)အား CNG ပိုက်လိုင်းပြုပြင်ရန် "ကာပိုက်ဝရိန်"ဆော်ရာမှ မီးလောင်မှုဖြစ်ပွား၍ ၎င်းယာဉ်နှင့် အဆောက်အအုံတစ်ခု မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်မှုကြောင့် ယာဉ်နှင့်အဆောက်အအုံ မီးလောင်ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၂၀၀၂၅၀၀၀ ဆုံးရှုံးခဲ့ရပြီး မောင်ဇော်(ခ)ဝင်းဇော်ဦးမှာ မျက်နှာမီးဟပ်ဒဏ်ရာ ဝဲ၊ ယာ လက်ပြင်မီးလောင်ဒဏ်ရာ၊ ဆံပင်မီးဟပ်ဒဏ်ရာ၊ အောင်သူတွင် ဆံပင်မီးဟပ်ဒဏ်ရာ၊ ဝဲ၊ ယာ လက်အရေပြားလန် မီးလောင်ဒဏ်ရာ၊ ညာခြေမီးလောင်ဒဏ်ရာ၊ မျက်နှာမီးဟပ်ဒဏ်ရာများရရှိ၍ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာ (မစိုးရိမ်ရ)၊ ဇော်မင်းထိုက်တွင် မျက်နှာမီးဟပ်ဒဏ်ရာ၊ သူရိန်ဟိန်းတွင် ဘယ်၊ ညာ ခြေသလုံး မီးလောင်ဒဏ်ရာ ရရှိသဖြင့် ပုလဲဆေးရုံ(ပြင်ပ)လူနာအဖြစ် တက်ရောက်ကုသခံယူနေကြပြီး လုပ်ငန်းခွင်အတွင်း ပေါ့ဆစွာပြုလုပ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားကာ ပျက်စီးဆုံးရှုံး စေသောကြောင့် ထောက်ကြန့်ရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

ပုဇွန်တောင်ချောင်းအတွင်း ခိုးမှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၀

ပုဇွန်တောင်ချောင်းအတွင်း ဆိုက်ကပ်ထားသော "ခိုင်ခိုင်ဖြိုး" ကုမ္ပဏီပိုင်ဒီဇယ်တွဲ၌ ကုမ္ပဏီမန်နေဂျာ ဦးကိုလတ်သည် ဧပြီ ၅ရက်က လုံခြုံရေးဝန်ထမ်း သိန်းဇော်၊ မောင်လှတို့နှင့်အတူ တာဝန်ဆောင်ရွက်နေစဉ် ဧပြီ ၆ ရက် နံနက် ၄ နာရီတွင် ဆီတွဲဘေး၌ ကပ်ထားသော "အောင်မြတ်မော်" ငါးဖမ်းစက်လှေမှ လှေသား ကိုဝင်းအေးက ဆီတွဲပေါ်တွင် အမည်မသိ အမျိုးသားသုံးဦး တွေ့မြင်လိုက်၍ အော်ဟစ်သောကြောင့် အဆိုပါလူသုံးဦး လက်ခတ်သမ္ဗန်ဖြင့် ထွက်ပြေးသွားခဲ့သည်။

ထို့နောက် ဦးကိုလတ်နှင့်အဖွဲ့မှ ဆီတွဲအတွင်း စစ်ဆေးရာ ဆမ်ဆောင်း လက်ကိုင်ဖုန်းတစ်လုံး၊ HTC လက်ကိုင်ဖုန်းတစ်လုံး၊ မီးသွေး ၁၀ ပိဿာဝင်အိတ် ရှစ်အိတ် စုစုပေါင်း တန်ဖိုးငွေ ကျပ်လေးသိန်းခန့်မှာ ပျောက်ဆုံးနေကြောင်း သိရ၍ တိုင်တန်းခဲ့ရာ ဆိပ်ကမ်းရဲစခန်းက (ပ)၁၀၀/၁၃၊ ပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိသည်။ **(၃၁)**



Elegnat Myanmar Tours
ငွေဆောင်အဆင့်မြင့်ကားသီးသန့်
ငွေဆောင် ဟိုတယ် သီးသန့်
13,15 April 2013
Ph-01-401261, 8550120
09-421107472

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ
ဦးကျော်ဝင်း(ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)- ဒေါ်ခင်အေးအေးသန်း တို့၏သားကြီး

မောင်ဘုန်းဇေယျာဝင်း
B.A(Law), LL.B
Diploma in Logistic (Kaplan University Singapore)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ ဦးမျိုးဇော်အောင် (Diamond Auto Services Co.,Ltd)- ဒေါ်မြမြစိုး(ကံကော်ရွှေပြည်) တို့၏သမီးငယ်

မစုယုဇာဇော်
B.Sc(Hons;), Marketing (National University of Ireland),
International Advance Diploma in Business (NCC, UK),
IDB (NCC, UK) DBA (Thames)

တို့၏၃-၂-၂၀၁၃ ရက်တွင် ရွှေသုဝဏ်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီး ဒေါ်နန်းစန္ဒာစမ်းနှင့် အသိသက်သေများ၊ မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ၇-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဇနီးဒေါ်မြင့်မြင့်သန်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်နှင့်ဇနီး ဒေါ်အေးအေးချစ်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင် မတက်ရောက် နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာ အခါတော်ပေး ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော နိုက်တင်ဂေးတေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲ မမြတ်နိုးသဒ္ဒါ၊ မင်္ဂလာ ပန်းကုံးနှင့်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မ Dora Alex မင်္ဂလာသတို့သားအရံ မောင်မြတ်ဘုန်းအောင်၊ မောင်ဘုန်းသစ်ဝင်း၊ မင်္ဂလာသတို့သမီးအရံ မယုယုချမ်း၊ မမြကြာဖြူ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော 7 picture Photo & Studio၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါ်ချိုချိုလွင် (စိန်ရတနာတိုက်)၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ပေးပါသော မဇူူ (Zu Zu Collection)နှင့် Stylish Collection မီးအလှဆင်ပေးပါသော မီးငယ်(Lighting)နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ Sedona Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Wedding & Event Planning၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဘုန်းဇေယျာဝင်း- မစုယုဇာဇော်

သစ်ဝါးရှားပါးလာခြင်းနှင့် အိမ်မိုးသွပ်နှင့်ဈေးနှုန်းကွာဟမှု နည်းပါးလာခြင်းတို့ကြောင့် အိမ်မိုးဝါးကပ်လုပ်ငန်းများ အခက်ကြုံနေ

မုံရွာ ဧပြီ ၁၀

မုံရွာမြို့နယ် အလုံမြို့သည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင်တည်ရှိပြီး အိမ်မိုးဝါးကပ်လုပ်ငန်းများ ဖွံ့ဖြိုးသည့် မြို့တစ်မြို့ဖြစ်ခဲ့သော်လည်း ယခုအခါ အထက်ချင်းတွင်းဒေသတွင် သစ်ဝါးရှားပါးလာကာ ဝါးဈေးနှုန်းမြင့်မားလာခြင်း၊ အိမ်မိုးဝါးကပ်ဈေးနှုန်းနှင့် အိမ်မိုးသွပ်ဈေးနှုန်း ကွာဟမှုနည်းပါးလာခြင်းတို့ကြောင့် အိမ်မိုးဝါးကပ်လုပ်ငန်းများ ရပ်တည်လုပ်ကိုင်ရန် အခက်အခဲကြုံတွေ့နေကြရကြောင်း သိရသည်။**(အောက်ပုံ)**

ကွက်ကြီးပဲ၊ ပခုက္ကူ၊ ညောင်ဦး၊ မြင်းခြံ၊ မြောင်၊ ရေစကြိုတို့က ဝါးလိုချင်ရင် အောင်ဆိပ်သာဆိပ်ကမ်းကို လာဝယ်ကြရတာ၊ နေ့စဉ်အညာသူအညာသား၊ ဖောင်သမားတွေနဲ့ စည်ကားနေခဲ့တာ၊ အခုဆိုရင် အောင်ဆိပ်သာဆိပ်ကမ်းမှာ ဝါးဖောင်တွေပါးနေပြီ၊ ဝါးတွေကရှား၊ ဈေးတွေလည်း မြင့်နေတော့ အိမ်မိုးဝါးကပ်ဈေးကိုလည်း မြှင့်ရောင်းရတယ်၊ အခု အိမ်မိုးဝါးကပ် (အူ)ဈေးက ကျပ် ၂၇၅၀၀၊ အကျောကပ်ဈေးက ကျပ် ၃၇၅၀၀ ဈေးပေါက်တယ်၊ တင်းဝါးတစ်လုံးကို ကျပ် ၅၀၀၊ မြင်ဝါးတစ်လုံးကို ကျပ်

"မုံရွာနယ်မှာ အရင်က အိမ်မိုးကပ်၊ ထရံကပ်ခုတ်တဲ့နေရာမှာ တင်းဝါး၊ တစ်ပင်ဝါး၊ မဲတင်းဝါး၊ ဝါးနီ၊ မြင်ဝါးတွေကိုပဲ သုံးကြတယ်၊ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကဆိုရင် ဒီကိုရောက်လာတဲ့ မဲတင်းဝါးကြီးတွေဆိုရင် ပေါင်လုံးလောက်တုတ်ပြီး ဝါးသားလည်း ထူတယ်၊ အရှည်က ၂၅ တောင်လောက်ရှိတယ်၊ အိမ်မိုးဝါးကပ်ခုတ်မယ်ဆိုရင် နှစ်ပိုင်းဖြတ်ပြီး သုံးလွှာ လွှာယူရတယ်၊ အခု မဲတင်းဝါးတွေရှားလာလို့ လက်မောင်းလောက်ပဲလာတော့တယ်၊ တစ်ပင်ဝါးဆိုရင် မလာတာကြာပြီ၊ မျိုးသုဉ်းသလောက်ဖြစ်နေပြီ၊ အရင်က အောင်ဆိပ်သာ မြစ်ဆိပ်ကမ်းမှာဆိုရင် ဝါးမျိုးစုံဝါးဖောင်ကြီးတွေ ဆိုက်ထားတာ အထပ်ထပ်ပဲ၊ အောင်ဆိပ်သာဆိပ်ကမ်းက ချင်းတွင်းဒေသရဲ့ အဓိက ဝါးဈေး ၃၀၀ ပေါက်တယ်၊ အရင်က တောင်သူတွေ ကောက်ပဲသီးနှံပေါ်တဲ့ တပေါင်း၊ တန်ခူးလတွေဆိုရင် အိမ်မိုးဝါးကပ်၊ ထရံကပ်တွေ လက်မလည်အောင် ရောင်းရတယ်၊ အခုဆိုရင် ဝင်းထရံ၊ အိမ်ထရံကပ်တွေရောင်းရပေမယ့် အိမ်မိုးဝါးကပ်က အရောင်းအဝယ်သိသိသာသာ ပါးသွားပြီ၊ သွပ်ဈေးနဲ့က မကွာတော့ ဝါးကပ်မမိုးကြတော့ဘဲ သွပ်ပြားကိုပဲ မိုးကြတော့တယ်၊ အခု အိမ်မိုးဝါးကပ်ခုတ်တဲ့ ဝါးထောင်လေးတွေ အလုပ်နားလုမတတ်ဖြစ်နေပြီ၊ ဒီရွာက ဘိုးစဉ်ဘောင်ဆက် တစ်ရွာလုံး ကပ်ဝါးခုတ်စားလာကြတာ၊ အခုဆိုရင် အလုပ်အကိုင်သစ်ကို ပြောင်းကြရမယ့် အနေအထားဖြစ်နေပြီ"ဟု မုံရွာမြို့နယ် အလုံမြို့ ခံတောရပ်ကွက်မှ ဝါးကပ်ထောင်တစ်ဦးက ပြောပြသည်။ **(နန္ဒာမင်းလွင်)**

မုံရွာ ဧပြီ ၁၀

လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးစ တပေါင်းလပိုင်းတွင် ချင်းတွင်းဒေသ၌ ရိုးရာနတ်ပွဲတော်ကြီးများကို ဈေးပွဲကြီးများနှင့် တွဲဖက်ကျင်းပလျက်ရှိရာ ဒေသခံများသာမက မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ရွာအသီးသီးမှ ရိုးရာနတ်ယုံကြည်သူများလည်း လာရောက်ဆင်နွှဲကြသည်ဖြစ်ရာ ဒေသထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှု တွင်ကျယ်လှကြောင်း သိရသည်။**(ယာပုံ)**

"မုံရွာနယ်ကထွက်တဲ့ ခရမ်းသီးခြောက်က သိပ်ကောင်းတယ်။ အရောင်အဆင်းလည်းလှတယ်။ မည်းညိုနေတာ မရှိဘူး။ အရောင်က ဖွေးနေတာ။ ဆီနိုင်နိုင်လေးနဲ့ ချက်စားရင် မှိုကိုချက်စားရသလို ဆိမ့်နေတာပဲ။ အိမ်သားတွေအားလုံးက မုံရွာခရမ်းသီးခြောက်ကို ကြိုက်ကြတယ်။ လေလုံအောင် အိုးထဲထည့်သိမ်းထားရင် နှစ်ပေါက်အောင် ထားလို့ရတယ်။ မှိုမတက်ဘူး။ မိုးတွင်းကာလ ဈေးသွားဈေးဝယ်ခက်တဲ့အချိန်မျိုးမှာ ချက်စားဖို့ နှစ်စဉ်နတ်တက်လာရင်း များများဝယ်သွားလေ့ရှိတယ်။ အလုံဘိုးတော်ကြီးပွဲတော်ရက်မှာဆိုရင် ဒေသထွက်ဖြစ်လို့ ခရမ်းသီးခြောက် ဝယ်ရတာ ဈေးချိုတယ်။ တစ်ပြည်ကို ကျပ်နှစ်ရာ၊ သုံးပြည်မှ ကျပ်ငါးရာပဲ ပေးရတယ်။ တောင်းပြည့်တောင်းလျှံ ပေးတယ်။ ခရမ်းသီးခြောက်နဲ့အတူ ချဉ်ရည်ဟင်းချက်စားဖို့ လက်ပံခေါင်းခြောက်လည်း ဝယ်သွားလေ့ရှိတယ်"ဟု မန္တလေးမြို့မှ လာရောက်ဆင်နွှဲသူတစ်ဦးက ပြောပြသည်။

"မုံရွာမြို့တောင်ဘက် မိုးညှင်းသမ္ဗုဒ္ဓေဝန်းကျင် မြေနဲ့ မအူနယ်ဘက်မှာ ရာသီချိန်ဆိုရင် ခရမ်းခင်းတွေ အကြီးအကျယ်စိုက်ကြတယ်။ အသီးပေါ်ချိန်မှာ ကုန်စိမ်းအနေနဲ့ မုံရွာ၊

မုံရွာဒေသထွက် ခရမ်းသီးခြောက်များ ဝယ်ယူသူများပြား

မန္တလေးကို ကားအစီးလိုက်ပို့ပြီး ရောင်းကြတယ်။ ရောင်းလို့မနိုင်တဲ့အခါ အခြောက်လှန်းကြတယ်။ လုပ်တာကိုင်တာ ကျွမ်းကျင်မှုရှိတော့ ခရမ်းသီးခြောက်က အရောင်အဆင်း လှတယ်။ အလုံဘိုးတော်ကြီးပွဲတော် ရောက်ရင် အိတ်ကြီးတွေနဲ့ သယ်လာပြီး ရောင်းကြတာ၊ ဈေးလည်းချို၊ အရောင်အဆင်းလည်းလှ၊ လတ်ဆတ်မှုလည်းရှိတော့ ရောင်းကောင်းတယ်။ ဒီနယ်မှာလည်း တောရော မြို့ပါ ပွဲတော်ရက်မှာ ခရမ်းသီးခြောက်ကို ဝယ်ယူပြီး မိုးတွင်းစာအဖြစ် သိုလှောင်ထားလေ့ရှိကြတယ်"ဟု အလုံမြို့ ခံတောရပ်မှ ဒေါ်မြစိန်က ပြောပြသည်။

အလုံဘိုးတော်ကြီး နတ်ပွဲတော်ဈေးပွဲသို့ မုံရွာမြို့၏ တောင်လက် ခရမ်းပင်အကြီးအကျယ်စိုက်ပျိုးသည့် ကျေးရွာများမှ နှစ်စဉ် ခရမ်းသီးခြောက် လာရောက်ရောင်းချသူ ၃၀ ကျော်ရှိပြီး တစ်ဦးလျှင် သုံးတင်းဝင်အိတ် ၁၅ လုံးခန့် ရောင်းချကြရကြောင်း၊ နတ်ပွဲလာသူအများစုတို့ ဝယ်ယူလေ့ရှိကြကြောင်း သိရသည်။ **(နန္ဒာမင်းလွင်)**

ဆီဆိုင်မြို့နယ်တွင် ဘိန်းစိုက်ခင်းများ စုပေါင်းဖျက်ဆီး

ဆီဆိုင် ဧပြီ ၁၀

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ဧပြီ ၁ ရက်တွင် စုစုပေါင်း ဘိန်းပင်ခြောက် ၂၀ ဒသမ ၇၅ ဧကအား သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ဧပြီ ၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဆီဆိုင်မြို့နယ် အမှတ်(၄၂၃)ခြေမြန်တပ်ရင်းမှ ဗိုလ်ရန်လင်းအောင် ဦးစီး ၁၁ ဦးအဖွဲ့မှ လုံခြုံရေးလိုက်ပါလျက် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်စိုးလွင်ဦး ဦးစီး ၂၆ ဦး၊ ထွေ/အုပ်၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ သစ်တော၊ ကျန်းမာရေးဌာနမှ ကိုယ်စားလှယ်များ၊ နောင်ကျောအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရေဖြူရွာ အုပ်ချုပ်ရေးမှူးပါဝင်သော ရွာသား ၂၅ ဦးနှင့် ပူးပေါင်းအဖွဲ့ ၆၈ ဦးတို့သည် မြက်ဖြတ်စက် ငါးလုံး၊ ဓားကောက် ၂၅ လက်ဖြင့် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ အောင်ကလပ်ကျေးရွာ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာတွင် အမြင့်သုံးပေခွဲခန့် ခြစ်ပြီးဘိန်းပင်ခြောက် ငါးဧက၊ အောင်ကလပ်ကျေးရွာ အနောက်မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် အမြင့်သုံးပေခွဲခန့် ခြစ်ပြီးဘိန်းပင်ခြောက် ၈ ဒသမ ၅၀ ဧက၊ ရေဖြူကျေးရွာ အနောက်တောင်ဘက် လေးမိုင်ခန့်အကွာတွင် အမြင့်သုံးပေခွဲခန့် ဘိန်းပင်ခြောက် ၇ ဒသမ ၂၅ ဧက စုစုပေါင်း ဘိန်းပင်ခြောက် ၂၀ ဒသမ ၇၅ ဧကအား ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဆီဆိုင်မြို့နယ်တွင် စုစုပေါင်းဘိန်းခင်း ၆၉၂၆ ဒသမ ၅၅ ဧကအား ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

စိုင်းတင်ဦး(ရှမ်း/တောင်)

စစ်ကိုင်းမဟာသင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပမည်

စစ်ကိုင်း ဧပြီ ၁၀

စစ်ကိုင်းမြို့ မဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များမှ ယိမ်းအကများဖြင့် ဗဟိုမဏ္ဍပ်တွင် ကပြဖျော်ဖြေပေးမည်ဖြစ်သည်။

စစ်ကိုင်းမြို့ပေါ် ရပ်ကွက် (၁၈) ရပ်ကွက်မှ ယိမ်းအကအသင်း သုံးသင်းနှင့်အတူ ဌာနဆိုင်ရာများမှ လေးသင်းစုပေါင်း၍ ကပြကြမည်ဖြစ်သည်။ တခြားရပ်ကွက်များတွင်လည်း ရေကစားမဏ္ဍပ်များ ဆောက်လုပ်လျက်ရှိသည်။

ဧပြီ ၇ရက် နံနက်တွင် စစ်ကိုင်းမြို့ ဗဟိုမဏ္ဍပ် ဆောက်လုပ်နေမှုကို မြင်တွေ့ရသည်။**(အပေါ်ယာပုံ)** **(၅၃၁)**

သင်းသင်းမွှေးတဲ့ကမ္ဘာမြေမှာ အတာရေနဲ့ အေးပါစေ

- သင်းသင်းမွှေးကို အားပေးခဲ့တဲ့
  မိတ်ကောင်းဆွေကောင်းတွေ. . . . .
  တစ်ဦးနဲ့တစ်ဦး
  ရောင်းရင်း ဝယ်ရင်း လေးစားခြင်းတွေနဲ့
  ခင်မင် ရင်းနှီးစွာ နှုတ်ဆက်. . . . .
  နှစ်ဟောင်းရဲ့ပြက္ခဒိန်ပေါ်က ပျော်ရွှင်မှုနေ့ရက်တွေ. . . . .
  ရင်ထဲမှာအမှတ်ရစရာ အမှတ်တရအဖြစ် ထာဝရ ကျန်ရစ်ခဲ့
- နှစ်သစ်ရဲ့ ခေတ်တစ်ခေတ်မှာလည်း
  ပြန်ဆုံတွေ့ကြမယ်နော်. . . မမေ့နဲ့
  မိတ်သစ်. . ဆွေသစ် သံယောဇဉ်အသစ်တွေနဲ့
  ခင်မင်ရင်းနှီးစွာနှုတ်ဆက်
  အပျော်ဆုံးသင်္ကြန်ရဲ့ အပြုံးမျက်နှာတွေနဲ့
  သင်းသင်းမွှေးကြိုဆိုနေမယ်

သင်းသင်းမွှေး
လက်ဖက်၊ အကြော်စုံလုပ်ငန်း
၁၇ လမ်း၊ ၈၂ လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း-၀၂-၃၄၇၆၆၊ ၀၂-၇၅၄၁၄

ရေဆင်းစပ်မျိုး(၁) နေကြာသီးညှပ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်း

ကသာ ဧပြီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အထက်ဝဲကြီးအုပ်စု ရွှေပြည်သစ်ကျေးရွာနေ တောင်သူ ဦးဆက်ထွန်း၏ ကွင်းအမှတ် (၆၅၇)တွင် ဆောင်းမြေပဲ ဆင်းပဒေသာ (၁၁) မျိုးပွားစံပြကွက် ငါးဧကအတွင်း ရေဆင်းစပ်မျိုး(၁) နေကြာ သီးညှပ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ပိုင်ရှင် ဦးဆက်ထွန်းက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ဆင်းပဒေသာ (၁၁)မြေပဲ မျိုးသန့်အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်အရ စိုက်ပျိုးချိန်တွင် မျိုးတောင့်တစ်တင်းယူ၊ တစ်တင်းခွဲပေးစနစ်ဖြင့် တောင်သူများအား မျိုးထောက်ပံ့မှုပေးထားကြောင်း၊ စိုက်ပျိုးချိန် မျိုးကောင်းမျိုးသန့် ရရှိစေရန်နှင့် မျိုးစေ့စရိတ် မြင့်မားခြင်း အခက်အခဲများ ပြေလည်စေရေးအတွက် ထောက်ပံ့ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မိုးက ရှင်းလင်းပြောပြခဲ့သည်။ **(ခင်မောင်သိန်းလွင်)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၁၆၃၁၇၊ Jialing 90၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအောင်ကျော်စိုး မှတ်ပုံတင်အမှတ်[၉/သစန(နိုင်)၀၀၅၅၄၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၂၀၇၉၊ Loncin 110, m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ကျော် မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၀၂၂၀၅၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၅၂၁၁၊ အမျိုးအမည် Honda C90 custom cms၊ အမျိုးအစား m/c၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ဖြိုးဖြိုးအောင် မှတ်ပုံတင်အမှတ်[၉/မနတ(နိုင်)၀၀၂၆၄၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ၊ ကလေးဝတောရ ဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်း အဌမတန်းမှ မောင်အေးချမ်းအောင်နှင့် ငတန်းကျေးရွာအုပ်စု၊ ရွှေလှန်ကျေးရွာ မူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မမြတ်နိုးအိမ်တို့၏ဖခင်အမည်မှန်မှာ ဦးတင်လင်းအောင်[၅/တဆန(နိုင်)၀၉၄၃၂၁] ဖြစ်ပါသည်။

11-4(15).pmd 1 4/9/2013, 9:11 PM

မေတ္တာတရားဖြင့် နေထိုင်ခြင်း

မေစပယ် (ရှာင်)

အိမ်မှုကိစ္စများ မအားလပ်သည့်ကြားမှ နေ့စဉ်သတင်းစာနှင့် ဂျာနယ်များ ဖတ်ဖြစ်သည်။ ပဋိပက္ခ သတင်းများဖတ်ရပြီး စိတ်မကောင်းဖြစ်မိသည်။ မိတ္ထီလာမြို့တွင်ဖြစ်သော သတင်းများ အင်တာနက်ပေါ် သတင်းများကို ဂျာနယ်များတွင် ဖတ်လိုက်ရသည့်အတွက် အတော့်ကို စိုးရိမ်ထိတ်လန့်မိပါသည်။ နောက်ပိုင်းရက် သတင်းစာများတွင် တပ်မတော်မှ လုံခြုံရေးတာဝန်ယူလိုက်ပြီး မိတ္ထီလာမြို့တွင် အခြေအနေများ တည်ငြိမ်အေးချမ်းမှုရှိလာကာ လုံခြုံရေးတာဝန်ကျဝန်ထမ်းများနှင့် နယ်မြေခံတပ်သားများ အပျက်အစီးတွေ ရှင်းလင်းနေသည်ကို တွေ့မြင်ဖတ်ရှုရသည်။

ဆရာတော်ကြီးများနှင့် ဘာသာရေးခေါင်းဆောင်အသင်းအဖွဲ့ လူကြီးများ သွားရောက်အားပေးကြသည့် သတင်းဓာတ်ပုံများတွေ့လိုက်ရသည်မို့ စိတ်အေးသွားရပါသည်။

ထပ်မံ၍ ပဲခူးတိုင်းဒေသကြီးအတွင်း အချို့သော မြို့များတွင် အကြမ်းဖက်မှု သတင်းများနှင့် တာဝန်ရှိသူများက လုံခြုံရေးဆောင်ရွက်ထားရကြောင်း သတင်းဖတ်ရပြန်ပါသည်။

တစ်ရက်တွင် မင်္ဂလာဈေးသို့ ဈေးဝယ်ဖို့သွားပါသည်။ ဈေးဝယ်နေချိန်တွင် အမျိုးသားနှစ်ဦးရောက်လာပြီး ပြောသည်။ အခြေအနေကြည့်ရောင်းကြနော်၊ တာမွေဈေးမှာ ရုတ်ရုတ်သဲသဲဖြစ်နေတယ်ဟု ပြောသွားကြသည်။

ကျွန်မအပါအဝင် ဈေးဝယ်သူများ စိုးရိမ်စိတ်နှင့် မင်္ဂလာဈေးမှ အမြန်ပြန်ထွက်လာခဲ့သည်။ ကျွန်မ၏အိမ်အပြန်စီးရမည့် ဘတ်စ်ကားသည် တာမွေဈေးရှေ့မှ ဖြတ်သွားရသည်။ တာမွေဈေးမှတ်တိုင်ရောက်တော့ ဈေးဘက်ကြည့်လိုက်သည့်အခါ ဈေးဝယ်၊ ဈေးသည် အေးဆေးစွာပဲရောင်းဝယ်ကြတာ တွေ့ရသည်။

ကျွန်မလည်း ကားပေါ်မှဆင်းပြီး ဈေးပြန်ဝယ်ဖို့ ဈေးအတွင်း ဝင်ခဲ့ပါသည်။ ဈေးဝယ်နေသည့်အချိန် အမျိုးသမီးနှစ်ဦး၊ သုံးဦး ခပ်သုတ်သုတ်ဝင်လာပြီး ပြောပြန်သည်။ ဆိုင်တွေကြိုသိမ်းထားကြနော်၊ မင်္ဂလာဈေးဘက်မှာ အခြေအနေမကောင်းဘူးတဲ့၊ ဖုန်းလာတယ်လို့ပြောသွားကြပြန်၏။ တချို့ဈေးဆိုင်တွေလည်း သိမ်းနေသည်။

ကျွန်မကိုယ်တိုင် မင်္ဂလာဈေးအတွင်းရောက်နေချိန် မင်္ဂလာဈေးမှ ထွက်လာပြီး တာမွေဈေးရောက်လာချိန်ကြားမှာ နာရီဝက်အပြင်ပိုမကြာပါ။ မင်္ဂလာဈေးနှင့် တာမွေဈေးအကြား မီးပွိုင့်နှစ်ခုနှင့် မှတ်တိုင် ငါးတိုင်သာရှိသည်။ လမ်းကလည်း ဖြောင့်လို့ပါ။

မင်္ဂလာဈေးရော တာမွေဈေးမှာပါ ဘာမျှမဖြစ်၊ အေးအေးချမ်းချမ်း ရှိနေသည်မှာ ကျွန်မကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပါ။ လူအများ စိုးရိမ်ထိတ်လန့်အောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် မမှန်တဲ့ သတင်းတွေ မလုပ်သင့်ပါ။ ကျွန်မတို့မိသားစုကဲ့သို့ ရုံးသွားသူ၊ သင်တန်းတက်နေသူ၊ အပြင်အလုပ်လုပ်နေကြတဲ့သူတွေ ပြန်ရောက်မလာမချင်း စိုးရိမ်ပူပန်စွာ စောင့်မျှော်နေကြမှာဖြစ်သည်။

မမျှော်လင့်ဘဲဖြစ်ပျက်သွားသည့် ပဋိပက္ခဖြစ်စဉ်တိုင်းသည် ပြန်ပြင်၍မရနိုင်သော်လည်း တာဝန်ရှိသူများက ဥပဒေကြောင်းအတိုင်း တာဝန်ယူဖြေရှင်းသွားကြမှာဖြစ်သည်။ အကြမ်းဖက်မှု ထပ်မံ၍ မဖြစ်စေလိုပါ။

ကျွန်မတို့သည် အိမ်ရှင်မများဖြစ်သည့်အတွက် ပဋိပက္ခကိုအကြောင်းနှယ်ပြီး ကုန်ဈေးနှုန်းတွေ မတည်ငြိမ်မှာ၊ ကလေးတွေပညာရေးနှင့် အမျိုးမျိုးသော အကျပ်အတည်းတွေ့ကြုံရမှာကို များစွာစိုးရိမ်ပါသည်။

ကျွန်မငယ်စဉ်ကလေးဘဝတွင် ကြုံတွေ့ခဲ့ဖူးသော အဖြစ်ကလေးတစ်ခု သတိရမိသည်။ ရှမ်းပြည်နယ်မှ ကျွန်မတို့ရွာကလေး၊ ကျွန်မတို့ရွာတွင် တပ်မတော်ထဲသို့ ဝင်သွားသော ရဲဘော်အစ်ကိုကြီးတစ်ယောက်ရှိသလို တောခိုသွားသည့် အစ်ကိုကြီးတစ်ယောက်လည်းရှိပါသည်။

တပ်မတော်မှ ရဲဘော်အစ်ကိုကြီးသည် တိုက်ပွဲတွင် ကျဆုံးသွားကြောင်း သူ၏မိခင်တပ်မှ အကြောင်းကြား၍သိရသည့်အခါ မိဘဆွေမျိုးများ ဝမ်းနည်းစွာ ငိုကြပြီး ရွာသူရွာသားများလည်း စိတ်မကောင်းဖြစ်ကြသည်။ ရက်လည်ဆွမ်း တစ်လပြည့် ဆွမ်းကပ်ပေးကြသည်။

နောက်မကြာမီ တောခိုသွားသည့် အစ်ကိုကြီးသည်လည်း တိုက်ပွဲကျ၍ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရပြန်သည်။ ရွာရှိလူများက တောခိုအစ်ကိုကြီး ဆုံးသွားတာကို ကျိတ်ပြီးဝမ်းသာနေကြသည်။ သတင်းမေးသူလည်း မရှိကြပါ။ တောခိုအစ်ကိုကြီးမိသားစုသည် လူတွေသိမှာစိုး၍ ပေါ်ပေါ်တင်တင် မငိုရဲကြ၊ ဆွမ်းလည်းမကပ်ရဲကြပါ။ ကျွန်မတို့ငယ်စဉ်ကတည်းက တောခိုသွားတာဆိုတော့ သူ့ရဲ့ရုပ်ရည်ကို သိပ်မမှတ်မိတော့ပါ။

ဒါပေမယ့် သူ့မိခင်ကြီးကိုတော့ အင်မတန်မှသနားမိပါသည်။ ကျွန်မတို့နှင့်က ခြံချင်းကပ်လျက်ပါ။ သူ့သားလေး တိုက်ပွဲကျသွားပြီလို့ သိရတဲ့နေ့ကစပြီး ခြံထောင့်မှသစ်ပင်အုပ်အုပ်လေးနားမှာ သားဓာတ်ပုံလေးကြည့်ပြီး အမြဲတမ်း ငိုနေတတ်သည်။ ငှက်ပျောဖက်ကလေးထဲ ထမင်းဟင်းထည့်ပုံပြီး အမျှအတန်းပေးဝေနေတာမြင်ရတော့ စိတ်မကောင်းဖြစ်ရပါသည်။

မိခင်တစ်ယောက်၏ ကြေကွဲဝမ်းနည်းဖွယ်အဖြစ်ကို မြင်တွေ့ရပြီး ကလေးဘဝထဲက ကျွန်မ၏ရင်ထဲတွင် စွဲနေအောင်ခံစားရသည့်အဖြေသည် လူကောင်းပဲဖြစ်ဖြစ်၊ လူဆိုးပဲဖြစ်ဖြစ် သားသမီးများအပေါ်ထားသည့် မိခင်တိုင်း၏မေတ္တာကရုဏာတရားတို့သည် အတူတူပဲဟု ထင်မြင်မိပါသည်။

ကြေကွဲဝမ်းနည်းဖွယ်အဖြစ်ကို ထပ်တူထပ်မျှခံစားခဲ့ဖူးသည့်အတွက် ဘယ်လိုလူမျိုးမှ မသေကျေမပျက်စီးပါစေနှင့်၊ တိုက်ပွဲတွေမဖြစ်ပါစေနှင့်၊ မမုန်းကြပါစေနှင့်ဆိုပြီး ကလေးအတွေးနှင့် ဆုတောင်းခဲ့ရပါသည်။ အကြောင်းစုံကို ရွာဦးကျောင်းဆရာတော်သိသွားတော့ ရွာသူရွာသားများနှင့် မိသားစုဝင်တို့ကို နားလည်မှုရှိကြဖို့ မေတ္တာတရားတော် ဟောကြားပေးပါသည်။ မသိနားမလည်သေးသည့်အရွယ်မှာ အပေါင်းအသင်းမှားပြီး အမှောင်ထဲရောက်သွားတာဖြစ်လို့ ကျန်ရစ်သူမိသားစုမှာ အပြစ်မရှိကြောင်း ဆုံးမစကား ပြောကြားတော်မူသည်။

မြတ်စွာဘုရားသည် (လောကတ္ထစရိယ)ဆိုသည်မှာ ချစ်သူ၊ မုန်းသူ၊ လူကောင်း၊ လူဆိုး၊ ဝေးသူနီးသူ၊ ဖြူသူမည်းသူ၊ ကိုးကွယ်သည့်ဘာသာအမျိုးမျိုး၊ အသားအရောင်အမျိုးမျိုး၊ လူမျိုးအထွေထွေ ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ သက်ရှိသတ္တဝါအားလုံး၏ ကောင်းကျိုးကို ဆောင်ရွက်ရမည့် ရည်ရွယ်ချက်စိတ်ကို (လောကတ္ထစရိယ)ဟူသည့် တရားတော်ဖြစ်ကြောင်း ဒေါက်တာအရှင်ဉာဏိဿရ(အဓိပတိ-သီတဂူဆရာတော်)၏ ဟောကြားသော တရားဓမ္မတွင်လည်း နာကြားရဖူးပါသည်။

ဆရာတော်ကြီးများဟောကြားသော မြတ်စွာဘုရား၏ တရားတော်နှင့်အညီ ကျွန်မတို့သည် အကြောင်းအရာတစ်ခု၏ ကောလာဟလ မဟုတ်မမှန်သောသတင်းနှင့် ပဋိပက္ခမဖြစ်ရေးကို ဆင်ခြင်သုံးသပ်၍ မေတ္တာတရားကို နှလုံးသွင်းနေထိုင်ကြဖို့ ဖြစ်ပါသည်။ ။

မြန်မာ့ယဉ်ကျေးမှုသကြ်န်

❖ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

❖ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြ်န်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့



HAPPY BIRTHDAY

သားသား မောင်လကျာ်ခေတ် @ လုံးလုံး

ဖေဖေ လမင်းကျော်-မေမေ ရင်ငြိမ်းအေးတို့၏ သားရတနာလေး မောင်လကျာ်ခေတ် @ လုံးလုံးလေး၏၁၁-၄-၂၀၁၃ရက်တွင် ကျရောက်သော (၁)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာအထိတိုင် ဖေဖေ၊ မေမေတို့နှင့် ကျန်းကျန်းမာမာနှင့် လိမ္မာသိတတ်သော သားလေးဖြစ်ပါစေ။

ဘိုးဘိုး- ဦးကျော်သောင်း- ဘွားဘွား ဒေါ်မြမြဝင်း
ဘိုးဘိုး- (ဦးခင်မောင်လွင်)-ဘွားဘွား ဒေါ်စန်းစန်းဝင်း
ဖေဖေ-လမင်းကျော်- မေမေ ရင်ငြိမ်းအေး
တီလေး-ကြူကြူ
ဘိုးလေး- ဦးညိုနိုင် ဘွားလေး-ဒေါ်စန်းစန်းထွေး (ဖားကန့်)

နတ်ရေကန်မှ အားလုံးကို ကျေးဇူးတင်ပါသည်





(၄၉)ကြိမ်မြောက် မြန်မာနိုင်ငံ ဓာတ်ပုံပြပွဲပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဓာတ်ပုံဆရာများ-ပထမဆုရသည့် ဇော်မင်း (၁၀၁၆၆) နှင့်အဖွဲ့၊ အကဲဖြတ်ပညာရှင်များ-ဦးမောင်မောင်သောင်းနှင့်အဖွဲ့၊ ပညာပေးဟောပြောပေးသည့် ဦးဖေမြင့်ဦးနှင့်အဖွဲ့၊ အဓိကအလှူရှင်များဖြစ်သည့် ပြိုတိသျှကောင်စီ၊ ရန်ကုန်မြို့တော်ဝန်နှင့် အလှူရှင်အဖွဲ့၊ အကယ်ဒမီဗန်းကိုင် ဆန်းသစ်လှ၊ ဟေမာန်သော်တာညိမ်းနှင့်(၈)ဦးအဖွဲ့၊ ဗန်းကိုင်ဓာတ်ပုံပြိုင်ပွဲအောင်မြင်စွာပြုလုပ်ပေးသည့်ဥက္ကဋ္ဌ-ဦးတင်မြင့်၊ အတွင်းရေးမှူး-ဦးစိုင်းခမ်းလင်းနှင့် အမှုဆောင်များ၊ ဆုရရှိသည့်ဇော်ဇော်ထွန်းနှင့်အဖွဲ့၊ အကဲဖြတ်ဒိုင်လူကြီးများဖြစ်သည့် ပန်းချီစိုးမိုးနှင့်အဖွဲ့အားလုံးကို ကျေးဇူးတင်ပါသည်။

လှပရောင်စုံမြို့တော်ရန်ကုန် ဓာတ်ပုံပြိုင်ပွဲတွင် မြို့တော်ဝန်အထူးဆု(၁၅)သိန်းရရှိသည့် ဇေယျာမင်း၊ ဦးတင်မြင့်နှင့် ဆုရပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲပြုလုပ်ပေးပါမည်။

ပြည်နယ်များမှ ဓာတ်ပုံမြတ်နိုးသူကျောင်းသူ ကျောင်းသားများ-ဗန်းကိုင်-ဆန်းသစ်လှ (အဆိုတော်ကြီးမေရွှက်ဝါ၏သမီး)၊ ဟေမာန်သော်တာညိမ်း (ကျောက်မျက်)၊ ထက်ထက်ဆုလှိုင်(ကီလိုမီတာ-၃၀၀၀ မောင်းခဲ့သည့် ကားမောင်းချန်ပီယံ)တို့၏ ဓာတ်ပုံများကိုအလိုရှိပါက တံဆိပ်ခေါင်းကပ်ထားပြီးသော မိမိထံသို့ ပြန်ပို့ပေးရန် လိပ်စာအိတ်နှင့်အတူ နတ်ရေကန်၊ အမှတ်-၁၇/၂၀၊ ဇမ္ဗူရစ်လမ်း၊ စမ်းချောင်းမီးသတ်အနီး၊ ရန်ကုန်သို့ ဧပြီနှင့်မေလအတွင်း တောင်းယူနိုင်ပါသည်။

သီဟသုဓမ္မမဏိဇောတဓရ၊ ဓာတ်ပုံအသင်းကြီး
ဂုဏ်ထူးဆောင်အသင်းသား၊ အလှူရှင်
နတ်ရေကန် ဦးတင်မောင်ထွေး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ခ)၊ မြေကွက်အမှတ်(၂၀/ဖ)၊ မြေကွက်တည်နေရာအမှတ်(စ/၁၂၂)၊ဘုရင့်နောင်လမ်း၊ ဦးစံဖေရပ်ကွက်၊ သယ်န်းကျွန်း၊ ဒေါ်မြနွဲ့အမည်ပေါက်L(ဂရန်သက်ကုန်)မြေအား အမည်ပေါက် ဒေါ်မြနွဲ့ထံမှ အရောင်းအဝယ်စာချုပ် (၆၂၈၊ ၄၊ ၉၊ ၆၉) အရ ဒေါ်မေဟန်နှင့် ဒေါ်ခင်ဦးကြည် တို့မှ လည်းကောင်း၊ တစ်ဖန်ဒေါ်မေဟန် (ကွယ်လွန်)သဖြင့် ပိုင်ဆိုင်ကြောင်းကြေညာ စာချုပ် (၉၄၅၊ ၃-၁၂-၇၆) အရ ဒေါ်ခင်ဦးကြည်မှ လည်းကောင်း၊ တစ်ဖန်ဒေါ်ခင်ဦးကြည် (အပျို ကြီးဘဝ) ကွယ်လွန်သဖြင့် ၁။ ဦးဒေဝါကျော် [၁၂/စခန (နိုင်) ၀၁၂၃၃၈၀]၊ ၂။ ဒေါ်မော်မော်အောင် [၁၂/သကတ(နိုင်) ၂၀၀၆၈၈]တို့မှ တူ၊ တူမ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သယ်န်းကျွန်းမြို့နယ်တရားရုံး ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် (၂/၁၃) အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စီရင်ချက် အနိုင်ဒီကရီတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်းလဲခေါ်ဆိုရန်

အထက(၂)လသာ၊ဒုတိယတန်း(D)မှ အဖ ဦးအောင်မြင့်စိန်[၁၂/လသန(ပြူ)၀၀၀၆၂၀]၏ သမီး မအိရွှေစင်အား ယနေ့မှစ၍ မမေသင်းခိုင်အဖြစ် အမည်ပြောင်းလဲလိုက်သည်။

အဖ ဦးအောင်မြင့်စိန်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးဟန်မျိုးကြည်[၈/ရစက(နိုင်) ၁၂၃၁၀၉] အမှတ်၁၀၃၊ (၂)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူ၏ ကားလိုင်စင်ချိတ်ပိတ်အိတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အထက်ပါလိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန်။

ကျေးဇူးဆပ်ပါမည်။
ဟန်မျိုးကြည်
၀၉-၅၀၀၀၇၅၄၊ ၀၁-၅၅၆၇၁၈

အခန်းဆက်ဝတ္ထု

(ယမန်နေ့မှအဆက်)
(ဇာတ်သိမ်းပိုင်း)

"ပြီးခဲ့တာတွေ ပြန်ပြောနေမိလို့ ကိုယ့်ကို ခွင့်လွှတ်ပါ စင်သီယာ၊ ဒါပေမယ့် ကိုယ်မပြောဘဲ မနေနိုင်ဘူး၊ စိတ်ပညာက ဆိုတယ်၊ 'ပြဿနာ အမှုပွေတဲ့ကလေး' မရှိဘူးတဲ့၊ ပြဿနာအမှုပွေတဲ့ မိဘသာရှိသတဲ့၊ ကိုယ်ဘာပြောတယ်ဆိုတာ စင်သီယာ နားလည်လိမ့်မယ်ထင်တယ်"

စင်သီယာက သူ့ကို မော့ကြည့်၏။ မျက်နှာတွင် ကြေကွဲမှုနှင့် မခံချင်မှု ရောနေသည်။

"တော်ပါတော့ ကိုမြင့်နွယ်၊ စင်သီယာတို့အမှားကို စင်သီယာတို့ သိပါပြီ၊ ဒါပေမယ့် စိတ်ပညာဆရာကြီးကို စင်သီယာ တစ်ခုတော့ မေးပါရစေ ကိုယ့်အမှားကိုတော့ မပြောတော့ဘူးလားလို့"

"ဘာပြောတယ် စင်သီယာ၊ ကိုယ့်အမှား ဟုတ်လား"

"စင်သီယာတို့ ငယ်ငယ်တုန်းကလိုပဲ လွတ်လွတ်လပ်လပ်ပြောကြရအောင်၊ ယူကလေ စင်သီယာ့အသည်းကို ခွဲခဲ့တယ်၊ ယူ့ရည်ရွယ်ချက်တွေ၊ ယူ့စေတနာတွေ အဲဒါတွေကို စင်သီယာ မငြင်းပါဘူး၊ ဩော် . . . လူစွမ်းကောင်းကြီးရယ်လို့လည်း စင်သီယာ မှတ်ထားပါတယ်၊ ဒါပေမယ့် စင်သီယာ့အသည်းကွဲခဲ့ရတာတော့ ကွဲခဲ့ရတာပါပဲ၊ အခုလည်း မေးမယ်၊ ယူက မအေနဲ့ အားမရလို့ သမီးကိုပါ ဆက်အသည်းခွဲဦးမလို့လား"

သူ့တစ်ကိုယ်လုံး သွက်သွက်ခါသွားသည်။ နားမှ ကြားလိုက်ရသည်ကို မယုံမိ။ အတန်ကြာမှ ပြောမိသည်။

"စင်သီယာရယ် စွပ်စွဲချက်ကြီးက ပြင်းထန်လှချည်လား"

"စင်သီယာ့ကို ခွင့်လွှတ်ပါ၊ ယူ့အကြောင်းကို သိလို့ စင်သီယာ ဒီလိုပဲပြောရမယ်၊ ဒါမှလည်း ခံရတဲ့လူတွေဘက်က ယူလှည့်စဉ်းစားပေးနိုင်မယ်၊ ယူက နှလုံးသားမာသူ မဟုတ်လား"

သူက ဝမ်းနည်းစွာ ပြုံးလိုက်၏။

"ကိုယ့်ကို ရန်တွေ့ဖို့ စင်သီယာ လိုက်လာတာလား၊ ဟုတ်လား"

စင်သီယာ ငိုင်သွား၏။

ခဏမှာမူ မျက်နှာမှ မာန်လေးကျသွား၏။ လေသံလည်းပျော့သွားသည်။

"စင်သီယာမှားသွားပါတယ်၊ အခု စင်သီယာ ကိုအောင်ရဲ့ ခွင့်ပြုချက်နဲ့ တောင်ကြီးကနေ ယူ့ဆီ လိုက်လာတာ"

စင်သီယာက စကားဆက်ရန် စဉ်းစားဟန်ဖြင့် ခေတ္တငြိမ်နေသည်။

သူက စင်သီယာ့စကားမှ ကိုအောင်၏ခွင့်ပြုချက်ဟူသည်ကို သတိကောင်းစွာပြုမိ၏။

